
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

ရွှေဘုံစံတစ်ယောက် ဝတ်ရည်ကို ပြန်ပို့ပြီး အိမ်ပြန်ရောက်တဲ့အချိန်ထိ စိတ်ထဲ မတင်မကျကြီးဖြစ်နေမိတယ်။

"တစ်ချိန်ကျရင် ...

www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးဟာ အဖော်မပါဘဲ

ကျူပ်ဆီ လုံးဝရောက်လာရလိမ့်မယ်၊

အဲဒါ မြဲမြဲမှတ်ထားပါ၊

မှတ်ထားပါ … မှတ်ထားပါ”

ဆရာကြီးစိုင်းဇေရဲ့စကားက သူမနားထဲ ပဲ့တင်ထပ်သ လိုကြီး ကြားနေရတယ်။

သူမဟာ အိပ်ရာပေါ် ပစ်လှဲချလိုက်ရင်း …

“ဘာဖြစ်တာလဲ … ဆရာကြီးရဲ့စကားက

ငါ့နားထဲက မထွက်ဘူး၊

ငါ့လို ခေတ်ပညာတတ် …

နိုင်ငံတကာခြေချနေတဲ့ မိန်းမက

ဗေဒင်တွေ၊ အကြားအမြင်တွေကို

လက်ခံနိုင်စရာ အကြောင်းမရှိဘူး၊

ဒါကို … ဘာလို့များ …

ဆရာကြီးက သူ့ဆီ

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်တည်း လာရဦးမယ်လို့

ပြောပါလိမ့်”

လို့ တွေးလိုက်မိတယ်။

အတွေးနဲ့အတူ သူမ မေးခနဲ အိပ်ပျော်သွားတယ်။

ဒီအချိန်မှာပဲ တံခါးခေါက်သံ ကြားလိုက်ရတယ်။

‘ဒေါက် … ဒေါက် … ဒေါက်’

“မမ … မမ”

တံခါးခေါက်သံကြောင့် သူမ နိုးသွားရပြီး …

“အင် … ဘယ်သူလဲ၊

ဝင်ခဲ့ … ဝင်ခဲ့ … ရတယ်”

လို့ ဖြေရင်း အိပ်ရာထက်က လူးလဲထလိုက်တယ်။

တံခါးတွန်းဖွင့်သံနဲ့အတူ မျက်နှာတစ်ခုကို မြင်လိုက်ရ တာကြောင့် ရွှေဘုံစံရဲ့မျက်နှာ တင်းမာသွားတယ်။

“အောက်ထပ်မှာ ထမင်းစားဖို့အတွက်

www.burmeseclassic.com

www.burmeseclassic.com

မမကို အားလုံးစောင့်နေကြတယ်၊
မမ လာခဲ့ပါနော်”

ပန်းသပြေပြောဟာ နူးညံ့တဲ့အပြုံးလေးနဲ့ ပြောလိုက်ပေမယ့် ရွှေဘုံစံရဲ့မျက်လုံးတွေ စူးရှသွားတယ်။

“ငါသိတယ် … ဒီအချိန်ဟာ
ညနေစာစားချိန်ပဲ၊
အေး … ဒါပေမဲ့ …
နင်သိဖို့, နင်တစ်ယောက်တည်း သိဖို့
လိုတဲ့အရာ ရှိတယ်၊
နင်သိထားဖို့က ငါ့အခန်းကို
နင် လာစရာ လုံးဝမလိုဘူး၊
အမေ ဘာတွေပဲ လုပ်ခဲ့, လုပ်ခဲ့၊
ငါ့အမေ အသိအမှတ်ပြုပေမယ့်
ငါ အသိအမှတ်မပြုနိုင်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ကစပြီး ငါမပြောဘဲနဲ့

ငါ့အခန်းရှေ့ ခြေဦးမလှည့်နဲ့ ပန်းသပြေ၊

မှတ်ထားစမ်း''

ရွှေဘုံစံရဲ့လက်ညှိုးငေါက်ငေါက်ထိုးရင်း

ပြောလိုက်တဲ့ စကား ...၊

ချာခနဲ လှည့်ထွက်သွားတဲ့ အပြုအမူကြောင့် ပန်းသပြေ ဟာ အကြီးအကျယ် အံ့သြသွားရသလို ဝမ်းနည်းစိတ်တွေ လှိုက် တက်သွားရှာတယ်။

ပါးပြင်ပေါ် လိမ့်ကျလာတဲ့ မျက်ရည်စကို သုတ်လိုက် ရင်း ...

''အို ... မမက ငါ့ကို တောသူမ,မို့လို့

လက်မခံနိုင်တာဘဲ ဖြစ်ရမယ်၊

သူ ဘာပဲဖြစ်ဖြစ် ...

ငါ့ယောကျ်ားရဲ့ အစ်မအကြီးဆုံးက

ငါ့ရဲ့အစ်မပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com

ငါ သည်းခံနိုင်ရမှာပေါ့၊

ငါ့ရဲ့သည်းခံစိတ်ကို သူ

စမ်းသပ်တာလည်း ဖြစ်နိုင်တယ်”

လို့ တွေးလိုက်မိတယ်။

ဒါကြောင့် အောက်ထပ်ကို ပြန်ဆင်းခဲ့မိတယ်။

အိမ်သားအားလုံး စုံနေတဲ့ ထမင်းဝိုင်း။

လှေကားပေါ်ကနေ ဆင်းလာတဲ့သူ့ကို ရွှေမိုးယံက မြင် သွားပြီး ...

“အစ်မကို ထမင်းစားဖို့

သွားခေါ်ခိုင်းတာ၊

ခေါ်ခိုင်းတဲ့ သူ့ရဲ့အရင်

အခေါ်ခံရတဲ့သူက ရောက်နေပြီ၊

ဗိုက်ဆာနေပြီ ပန်းရဲ့ ...

အမြန်လာကွာ”



www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ားဖြစ်သူရဲ့စကားကြောင့် သူမ ထမင်းဝိုင်းရှိရာ ခပ်သုတ်သုတ်လျှောက်ခဲ့တယ်။

ရွှေမိုးယံရဲ့နံဘေး ဝင်ထိုင်ပြီး … ဇွန်း၊ ခက်ရင်းကို ကောက်ကိုင်လိုက်တယ်။

ရွှေမိုးယံက သွက်လက်စွာပဲ သူမပန်းကန်ထဲ ဟင်းခပ် ပြီးထည့်ဖို့ ပြင်လိုက်တယ်။

"ရွှေမိုးယံ … နင် ဘာလုပ်တာလဲ၊

အမေရှိတုန်းက ငါတို့အားလုံး

အမေ့ပန်းကန်ထဲ ဟင်းကို

ဦးချပြီးမှ စားခဲ့ကြတယ်၊

အခု … အမေမရှိတော့တဲ့အတွက်

အိမ်ထောင်ဦးစီးရဲ့နေရာကို

နင် မေ့သွားတာလား မောင်လေး"



www.burmeseclassic.com

www.burmeseclassic.com

ရွှေဘုံစံရဲ့စူးစိုက်ကြည့်ပြီး ပြောလိုက်တဲ့စကားကြောင့် ရွှေမိုးယံရဲ့လက် တွန့်သွားတယ်။

"ဆောရီး အစ်မ၊

ငါ မှားသွားတယ်၊ ခုချိန်မှာ ...

ငါတို့ညီအစ်ကိုတွေအတွက် နင်က

အိမ်ထောင်ဦးစီးပါ၊

ငါ နင့်ကိုပဲ ဦးချရမှာပေါ့"

ရွှေမိုးယံက ရွှေဘုံစံရဲ့ပန်းကန်ထဲ ဟင်းကို ဦးချလိုက် တယ်။

ပန်းသပြေနဲ့ရွှေဘုံစံ အကြည့်ချင်းဆုံသွားသလို ရွှေဘုံစံ ရဲ့မျက်နှာမှာတော့ နှုတ်ခမ်းတွန့်ရုံလေး ပြုံးလိုက်တယ်။

"ဟင်း ... ဟင်း ...

နင် ဓာတ်သိမ်းမလှဘူး ပန်းသပြေ၊

www.burmeseclassic.com

www.burmeseclassic.com

ငါ့မောင်တွေက ငါ့ရဲ့ချုပ်ကိုင်မှုအောက်မှာပဲ
ရှိနေတယ်၊
နင် ငါ့အိမ်က ခေါင်းနဲ့ဆင်းဖို့
ပြင်ထားပေတော့”

မ မ မ



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

“ဒေါ်ပု၊ မစွမ် …လာကြပါဦး”

ရွှေဘုံစံရဲ့ခေါ်သံကြောင့် အိမ်အကူတွေဖြစ်တဲ့ ဒေါ်ပုနဲ့ မစွမ်ဟာ အပြေးအလွှား ရောက်လာကြကုန်တယ်။

ရွှေဘုံစံက ဆိုဖာဆက်တီကြီးမှာ ခြေချိတ်ထိုင်ရင်း စားပွဲပေါ်ကို ငွေစက္ကူတစ်ထပ် ပစ်တင်လိုက်တယ်။

“ဒေါ်ပုနဲ့မစွမ် …

ဒီနေ့ကစပြီး ဟောဒီ့ရွှေစံအိမ်မှာ …

ရှင်တို့ အလုပ်မရှိတော့ဘူး၊

ဟောဒီငွေကိုယူပြီး ရှာပြန်ပြီး

အသက်မွေးကြပါ”



www.burmeseclassic.com

www.burmeseclassic.com

ရွှေဘုံစံရဲ့စကားကြောင့် ငှင်းတို့နှစ်ဦးလုံး မျက်လုံးပြူး ကုန်တယ်။

“ရှင် … သခင်မလေး
ကျွန် … ကျွန်မတို့
ဘာအမှားများ လုပ်မိလို့လဲရှင်”

ရွှေဘုံစံက လှပတဲ့မျက်နှာကို အကျည်းတန်အောင်မဲ့ ပြုံး ပြုံးလိုက်တယ်။

“အလုပ်ကနေ အပြီးအပိုင်
ရပ်စဲလိုက်တာ …
ရှင်တို့ရဲ့အပြစ် မဟုတ်ဘူး၊
ပန်းသပြေကြောင့်ပဲ၊
ကျွန်မရဲ့သေဆုံးသွားတဲ့မိခင်ဟာ
ဒေါ်ရွှေနှင်းဆီ၊
ဒေါ်ရွှေနှင်းဆီရဲ့ရွှေစံအိမ်တော်မှာ
ပထမဆုံး ချွေးမ,ရောက်လာပြီ၊



www.burmeseclassic.com

ချွေးမဆိုတာ အိမ်ရဲ့ကျက်သရေလို့
ကျွန်မရဲ့အမေက ပြောဖူးတယ်၊
အိမ်ရဲ့ကျက်သရေဟာ …
အိမ်ရဲ့အောက်ခြေသိမ်းကစပြီး …
အရာအားလုံး သူ လုပ်ကိုင်နိုင်ရမယ်၊
ဒါ့ကြောင့် …
ကျွန်မမိခင်ရဲ့ဆန္ဒအရ
ဒီအိမ်မှာ ချွေးမတစ်ယောက်
ဦးဦးဖျားဖျားရောက်လာတဲ့အတွက်
ရှင်တို့အစေခံတွေကို ကျွန်မ
အလုပ်ထုတ်ပစ်လိုက်ပြီ၊
ဒါပါပဲ၊
ချက်ချင်း အထုပ်ပြင်ပြီး ပြန်ကြပါ၊
သုံးလစာ လစာယူသွားကြ”

www.burmeseclassic.com

www.burmeseclassic.com

ရွှေဘုံစံရဲ့စကားကြောင့် ဒေါ်ပုနဲ့မစွမ်ဟာ တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ရင်း မျက်နှာလေးတွေ သေးငယ်သွား ကြရှာတယ်။

ဒါပေမဲ့ ...

အိမ်ရှင်ကိုယ်တိုင် အလုပ်ထုတ်လိုက်တဲ့အတွက် ဘာမှ စောဒကမတက်ရဲရှာကြဘူး။

ရည်ဝဲနေတဲ့ မျက်နှာငယ်လေးတွေနဲ့ ရွှေဘုံစံပေးတဲ့ ငွေ ယူပြီး ဧည့်ခန်းထဲက ထွက်ခဲ့ကြတယ်။

ဒေါ်ပုနဲ့အစွမ်ဟာ မီးဖိုချောင်ရှိ ၄င်းတို့အခန်းနား ရောက် တဲ့အခါ ရှိုက်ကြီးတငင် ငိုကြွေးမိကြတယ်။

"ငါ ဒီအိမ်မှာ အိမ်စေလုပ်တာက

ဆယ်နှစ်ရှိပြီ၊

သူဌေးမကြီးမရှိတော့မှ သခင်မလေးက

ဒီလို ငွေပေးပြီး နှင်ရက်တာ

ရင်နာလို့မဆုံးဘူးဟာ ...

www.burmeseclassic.com

www.burmeseclassic.com

ဟင့် … ဟင့်”

ဒေါ်ပုရဲ့စကားကို မစွမ်က ရှိုက်ငိုရင်း …

“ကျွန်မလည်း ဘာထူးလို့လဲ

ဒေါ်ကြီးပုရယ်၊ ဒီအိမ်မှာနေခဲ့တာ

သုံးနှစ်ရှိပါပြီ၊ ကိုယ့်ဘက်က

ဘာအမှားအယွင်းမှ မရှိဘဲ

ငွေပစ်ပေးပြီး နှင်ရက်တာ၊

ပန်းသပြေလေးကို ဖန်းပြပြီး

နှင်ရက်တာ … ရွှေဘုံစံ

သိပ်လွန်လွန်းတယ်ရှင့်”

လို့ ဝမ်းနည်းသံကြီးနဲ့ ပြောလိုက်တယ်။

ဒေါ်ပုက မျက်ရည်စတွေကို သုတ်လိုက်တယ်။

“အရာအားလုံးဟာ ကံစီမံရာပေါ့

အစွမ်ရယ်၊ ငါတို့ …

ဘာမှမတတ်နိုင်ပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ … ဒီအိမ်ကြီးမှာ

ပြဿနာကြီးတစ်ခုတော့ ရှိလိမ့်မယ်၊

အဲဒါ … ငါသိတယ် အစွမ်”

ဒေါ်ပုရဲ့အပြောကြောင့် အစွမ်ရဲ့မျက်လုံး ပြူးကျယ်သွား တယ်။

ဒီအချိန်မှာပဲ …

“ဟင် … ဒေါ်ကြီးပုနဲ့မစွမ်တို့

မျက်နှာလည်း မကောင်းကြပါလား၊

အို … မစွမ် ငိုနေတယ်၊

ဘာဖြစ်လို့လဲဟင် … စိတ်ပူလိုက်တာ”

ဘုရားပန်းလဲဖို့ မီးဖိုထဲရောက်လာတဲ့ ပန်းသပြေ …။

မစွမ်က မျက်ရည်တွေကို ကပျာကသီ သုတ်လိုက်သလို ဒေါ်ပုလည်း ပျာပျာသလဲ ဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

“ဘာ … ဘာမှမဖြစ်ပါဘူး

ပန်းလေးရယ်၊

ဒေါ် … ဒေါ်ကြီးပုရဲ့ရွာမှာ

ကျန်ခဲ့တဲ့ သားလေး … သိပ်ကို

နာမကျန်းဖြစ်နေလို့ပါ၊

ဒါ … ဒါကြောင့် …

ဒေါ်ကြီးပုတို့ ပြန်ရတော့မယ်”

ဒေါ်ပုရဲ့အပြောကို ပန်းသပြေက အံ့အားသင့်ဟန်နဲ့ …

“ဟုတ်လား ဒေါ်ကြီးပုရယ်၊

ကျွန်မဖြင့် ကြားရတာ

စိတ်မကောင်းလိုက်တာ၊

ဒါနဲ့ … မစွမ်က ဘာလို့ငိုနေရတာလဲဟင်”

ပန်းသပြေရဲ့အမေးကြောင့် မစွမ်ဟာ ကပျာကသီ မျက် ရည်ကို သုတ်လိုက်တယ်။

www.burmeseclassic.com

“မစွမ်က ဘာလို့ငိုလဲဆိုတော့ …
ဒေါ်ကြီးပုနဲ့မစွမ်က တစ်ရွာတည်းသူတွေလေ၊
သူ့သားက မစွမ်ရဲ့သားလိုပဲ၊
ဒီကလေးက သိပ်လိမ္မာတော့
မစွမ် ချစ်တယ်လေ၊
ဒါ့ … ဒါ့ကြောင့် …
ဝမ်းနည်းလို့ ငိုမိတာပါ၊
ဘာပဲဖြစ်ဖြစ်ပါလေ … ပန်းလေးကို
မစွမ်တို့ တစ်ခုတော့ မှာခဲ့ချင်တယ်၊
အရာအားလုံးအတွက် သတိနဲ့နေပါ ပန်းလေး၊
ပန်းလေးဟာ …
ဖြူစင်ရိုးသားတဲ့လူဆိုတာ
မစွမ်တို့ရင်ထဲက သိပါတယ်၊
ဘယ်လောက် ကိုယ့်ပေါ်မှာကောင်းတဲ့ဟန်
ပြ ပြ ပန်းလေးဟာ …


www.burmeseclassic.com

www.burmeseclassic.com

သတိကပ်ပြီး နေရလိမ့်မယ်၊

ဒါပဲ ပြောချင်တာပါ၊

ကားမမီမှာစိုးလို့ မစွမ်တို့

အထုပ်ပြင်ရဦးမယ်၊

နှုတ်ဆက်ခဲ့ပါတယ် ပန်းလေးရယ်"

မစွမ်ရဲ့စကားကြောင့် ပန်းသပြေဟာ ပိုမိုအံ့အားသင့် သွားပြီး 'ရှင်' ခနဲ ဖြစ်သွားတယ်။

ဒေါ်ပုနဲ့မစွမ်ကတော့ အခန်းထဲဝင်ပြီး ၄င်းတို့ ပစ္စည်း တွေ သိမ်းဆည်းလိုက်တယ်။

မ မ မ



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

ညရောက်တဲ့အခါ …ရွှေဘုံစံက မောင်နှစ်ယောက်ကို ဧည့်ခန်းထဲ ခေါ်လိုက်တယ်။

“ဘာဖြစ်လို့လဲ အစ်မ၊

ငါ အင်တာနက်သုံးနေတာဟာ၊

ဘာတွေများ အရေးကြီးနေလဲ”

ရွှေမိုးယံက ထိုသို့ပြောလိုက်သလို ရွှေမင်းဂံကပါ …

www.burmeseclassic.com

www.burmeseclassic.com

"အေးဟ … ငါလည်း …
ကောင်မလေးနဲ့ ဖုန်းချိန်းထားတာ
မြန်မြန်ပြော အစ်မ"
လို့ ပြောလိုက်တယ်။

ရွှေဘုံစံက နို့နှစ်ရောင်ဆိုဖာကြီးမှာ ခြေချိတ်ထိုင်ရင်း မောင်တွေရဲ့မျက်နှာကို တစ်ဦးချင်းစီ စေ့စေ့ကြည့်လိုက်တယ်။

"အခု … ဟောဒီအိမ်ကြီးမှာ
အမေ မရှိတော့ဘူး၊
အမေ မရှိပေမယ့်
အမေရဲ့ဖြစ်ချင်တဲ့ဆန္ဒ
အမေ့ရဲ့စည်းကမ်းတွေကို ဆက်ပြီး
လိုက်နာကျင့်သုံးသင့်တယ်လို့
မင်းတို့မထင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

ရွှေဘုံစံရဲ့စကားကြောင့် ရွှေမိုးယံတို့ဟာ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်လိုက်မိတယ်။

သားအလတ်ဖြစ်တဲ့ ရွှေမင်းဂံက မျက်မှောင်တွန့်ရင်း

"ဟုတ်ပါတယ် အစ်မရဲ့၊

အမေ့ရဲ့စည်းကမ်းနဲ့ဆန္ဒကို

လိုက်နာသင့်ပါတယ်၊

ငါတို့ ဘာအပြစ်များ လုပ်မိလဲဗျာ"

လို့ မေးလိုက်တယ်။

"ငါ … ဒေါ်ပုနဲ့အစွမ်ကို

အလုပ်ထုတ်လိုက်ပြီ"

ရွှေဘုံစံရဲ့အပြောကြောင့် မောင်အငယ်ဖြစ်တဲ့ ရွှေမိုးယံ က …

"ဗျာ … သူတို့ကို အလုပ်ထုတ်လိုက်တယ်

ဟုတ်လား၊ ဘာဖြစ်လို့လဲ အစ်မ၊

www.burmeseclassic.com

www.burmeseclassic.com

သူတို့ အပြစ်လုပ်လို့လား၊
ဒါပေမဲ့ … အမေ့စည်းကမ်းတွေနဲ့
သူတို့ကို အလုပ်ထုတ်တာ
ဘာဆိုင်လို့လဲ၊
အိမ်ဖော်အသစ်ခေါ်ရတာ
သိပ်စိတ်ပျက်ဖို့ကောင်းတယ် အစ်မ”
လို့ ပြောလိုက်တဲ့အခါ ရွှေဘုံစံက ..
“သူတို့မှာ ဘာအပြစ်မှ မရှိဘူး၊
လိုအပ်လို့ ထုတ်လိုက်တာ၊
အိမ်ဖော်အသစ်လည်း ခေါ်စရာမလိုဘူး”
“ဟာ … အိမ်ဖော်မခေါ်ရင်
ငါတို့ကို အိမ်အလုပ်တွေ
ခိုင်းဖို့လား၊
မဖြစ်နိုင်ဘူးနော် အစ်မ၊
ငါတို့က ယောကျ်ားလေးတွေဟ၊

www.burmeseclassic.com

www.burmeseclassic.com

ဘာတွေပြောနေတာလဲ အစ်မရာ”

ရွှေမင်းဂံရဲ့စကားကြောင့် ရွှေဘုံစံရဲ့မျက်နှာ တည်တံ့ သွားတယ်။

“အမေရှိစဉ်တုန်းက ပြောဖူးတာ …

နင်တို့မှတ်မိကြလား၊

အမေဟာ ချွေးမတစ်ယောက်ကို

အိမ်ရဲ့ကျက်သရေ၊ အိမ်ရဲ့ဆည်းလည်းလို့

အမြဲပြောဖူးတယ်၊

အမေ့ရဲ့သားအငယ်ဆုံးဖြစ်တဲ့

ရွှေမိုးယံ၊ ရွှေမိုးယံရဲ့မိန်းမဟာ

ဒီအိမ်ကြီးရဲ့ကျက်သရေ၊

ဆည်းလည်းလည်းဖြစ်တယ်၊

ဒါကြောင့် …

အိမ်ကြီးရဲ့ အောက်ခြေကစပြီး

အရာအားလုံးဟာ ပန်းသပြေနဲ့



www.burmeseclassic.com

www.burmeseclassic.com

သက်ဆိုင်တယ်၊

ဒီနေ့ကစပြီး ပန်းသပြေဟာ

ရွှေမိုးယံအတွက်တင်မကဘူး

ငါတို့အားလုံးအတွက် …

အိမ်ရှင်မကောင်းတစ်ယောက်ပဲ”

ရွှေဘုံစံရဲ့အပြောကြောင့် ရွှေမိုးယံဟာ တွေခနဲဖြစ်သွား သလို ရွှေမင်းဂံ စိတ်ရှုပ်ထွေးဟန်နဲ့ ခေါင်းကုတ်ဖွလိုက်တယ်။

ခဏကြာမှ ရွှေမိုးယံက အစ်မဖြစ်သူကို ပြုံးကြည့်ပြီး

“ကျေးဇူးပဲ အစ်မ၊

ဒါဟာ … နင်က ငါ့မိန်းမကို

တန်ဖိုးထားလို့ နေရာပေးလိုက်တယ်ဆိုတာ

ငါ သဘောပေါက်သွားပြီ၊

ငါလက်ခံတယ် အစ်မ”

www.burmeseclassic.com

လို့ ပြောလိုက်တယ်။

“ကဲ … နင်ပြောချင်တာ

ပြီးပြီမဟုတ်လား အစ်မ၊

ငါ ဖုန်းသွားပြောတော့မယ်”

“ဟုတ်တယ် ရွှေမင်းဂံ၊

ငါပြောချင်တာ ဒါပဲ၊

သွားလို့ရပြီ”

ရွှေဘုံစံရဲ့အဖြေကြောင့် ရွှေမင်းဂံက အရင်ထသွားတယ်။

ရွှေမိုးယံက အစ်မဖြစ်သူရဲ့လက်ကို ဆုပ်ကိုင်ရင်းပြုံး ပြလိုက်တယ်။

ပြီးတော့ … သူပါ ညေ့ခန်းထဲက ထွက်သွားတယ်။

ရွှေဘုံစံဟာ ဆိုဖာကျောမှီကို မှီချလိုက်တယ်။

“ဟင်း … ဟင်း …

www.burmeseclassic.com

www.burmeseclassic.com

ရွှေမိုးယံ … ရွှေမိုးယံ …

နှင့်လို ငတုံးတွေရှိနေလို့ …

လောကမှာ လူလိမ်ဆိုတာ

ရှိနေမှာပဲ၊

ပညာတွေတတ်ပြီး ကျေးဇူးတင်ဖို့ကလွဲရင်

ဘာမှမသိတဲ့ကောင်၊

နင် ကြည့်လိုက်စမ်းပါ …

ရွှေဘုံစံလို သိပ်ထက်မြက်တဲ့မိန်းမက

တောသူမ နင့်မယားကို

ဘယ်လိုကန်ချမလဲဆိုတာ၊

တောသူမလက်ထဲရောက်သွားတဲ့

ပိုင်ဆိုင်မှုအားလုံး

မကြာခင် … ငါ့လက်ထဲ ရောက်စေရမယ်”

မ မ မ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ရွှေဘုံစံရဲ့ကောင်းမှုကြောင့် ပန်းသပြေဟာ အိမ်ရဲ့အောက်ခြေသိမ်းကအစ … မီးဖိုဆောင်ကိစ္စအားလုံးကို တာဝန်ယူလိုက်ရတယ်။

နံနက်စာစားချိန်မှာတော့ …

ရွှေဘုံစံတို့မောင်နှမသုံးယောက်ဟာ ပန်းသပြေစီစဉ်ပေး ထားတဲ့ နံနက်စာကို စားသောက်ဖို့ ထမင်းစားပွဲမှာ ဝင်ထိုင် လိုက်တယ်။

စားပွဲပေါ်ရှိ စားသောက်ဖွယ်ရာတွေကိုကြည့်ပြီး …

"ဟင် … ဒါ ဘာတွေလဲ

ပန်းသပြေ၊ နင် နံနက်စာကို …

ဘယ်လိုလုပ်လိုက်သလဲဟင်"

ရွှေဘုံစံရဲ့အသံကြောင့် ခုံမှာ ဝင်ထိုင်ခါစ ရွှေမိုးယံတို့ ညီအစ်ကိုပါ ကြည့်လိုက်မိတယ်။

www.burmeseclassic.com

သူမရဲ့အော်သံကြောင့် ပန်းသပြေတစ်ယောက် လန့်သွားတယ်။

“ဘာ … ဘာဖြစ်လို့လဲဟင် အစ်မကြီး၊

ဒါက ကောက်ညှင်းပေါင်းပါ၊

ဘေးကဟာက မုန့်ဟင်းခါး အစ်မကြီး၊

ငါးဖယ်ကြော်ကို ညှပ်ထည့်ထားပေးပါတယ်၊

ရေနွေးကြမ်းကိုလည်း …

လက်ဖက်ခြောက်ကျအောင်

ခပ်ထားပါတယ်ရှင်၊

ဟောဒါကတော့ မုန့်ကြာစေ့ပါ”

ရွှေဘုံစံဟာ ထိုင်ရာက ဆတ်ခနဲ ထရပ်လိုက်ရင်း စားပွဲ ကို ဘုန်းခနဲ ရိုက်လိုက်တယ်။

“နင့်ကို အထင်ကြီးမိလို့

မီးဖိုဆောင်ရဲ့တာဝန်ပေးထားတာ၊

နင်လုပ်ထားတာတွေအားလုံး

www.burmeseclassic.com

ငါတို့အိမ်မှာ … ဘယ်တော့မှ

မစားဘူး ပန်းသပြေ၊

နင်မှတ်ထား”

ရွှေဘုံစံက ထိုသို့ပြောပြီး ထမင်းဝိုင်းက ချာခနဲလှည့် ထွက်သွားတယ်။

အလတ်ကောင်ဖြစ်တဲ့ ရွှေမင်းဂံကတော့ …

“မုန့်ဟင်းရည်အနံ့လေးက မွှေးနေတာပဲ၊

အစ်မ မကြိုက်ပေမယ့် …

ငါတော့ စားမှာပဲ၊

အုပ်ပြီကွာ”

လို့ ပြောရင်း မုန့်ဟင်းခါးကို အငမ်းမရ စားသောက် တော့တယ်။

ပန်းသပြေဟာ ရွှေဘုံစံရဲ့ပြောဆိုမှုကြောင့် မျက်ရည်ဆို့ မိတဲ့အတွက် ပန်းကန်ဆေးတဲ့အခန်းဘက် ထွက်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

သူမ … ထိုအခန်းထဲမှာပဲ ဝမ်းနည်းစိတ်နဲ့ ငိုကြွေးနေမိ တယ်။ ဒီအချိန်မှာပဲ သူမပခုံးကိုဖက်တာ ခံလိုက်ရတာ။

"မငိုပါနဲ့ ပန်းရယ်၊

အစ်မက တစ်ခါတလေ ဒီလိုပဲ၊

အမှန်ပြောရရင် … သူက

မြန်မာအစားအစာကို မနက်ပိုင်း

စားလေ့မရှိဘူး ပန်း၊

ပန်းကို သူ စိတ်ဆိုးတာမဟုတ်ဘူး

ပန်းရဲ့၊ သူ စားလေ့မရှိတာတွေ

တွေ့လိုက်ရလို့ စိတ်ဆိုးသွားတာ၊

မငိုနဲ့နော် ပန်း"

ရွှေမိုးယံရဲ့နှစ်သိမ့်မှုကြောင့် သူမ … သူ့ဘက် လှည့် လိုက်မိတယ်။

"ပန်းလည်း တွေးမိပါတယ် အစ်ကို၊

www.burmeseclassic.com

ဒါပေမဲ့ … ဆီဦးထောပတ်တွေ

စားနေကျလူတွေဟာ …

အပြောင်းအလဲလေးများ စားချင်မလားဆိုပြီး

လုပ်ပေးလိုက်မိတာပါ၊ အစ်မကြီးကို …

ပန်း စိတ်မဆိုးဘူး အစ်ကို၊

ကိုယ်က အပင်ပန်းခံပြီး လုပ်ပေးတာကို

သူ တစ်ဇွန်းတောင် မမြည်းကြည့်တဲ့အတွက် …

စိတ်မကောင်းဖြစ်မိတာပါ၊

ပန်းလေ အစ်ကိုတို့ကို

စားစေချင်လွန်းလို့ အားလုံးကို

ညကတည်းက ကြိုပြင်ထားတာ

အစ်ကိုရဲ့၊

အဲဒါကို စိတ်မကောင်းမိတာပါ”

ရွှေမိုးယံက သူမကို ပြုံးကြည့်ရင်း ပါးကို ဖွဖွလေး လိမ်ဆွဲလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပြီကွာ ...

ကဲ ... ကိုယ့်မိန်းမရဲ့

လက်ရာအားလုံးကို ...

ကိုယ်တစ်ယောက်တည်း စားပြမယ်၊

ဗိုက်ကြီးပေါက်ရင် ပေါက်ထွက်သွားပစေ

ဟုတ်ပြီလား၊ စိတ်မကောင်း မဖြစ်နဲ့တော့နော်"

မ မ မ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၅)

www.burmeseclassic.com

www.burmeseclassic.com

ညဥ့်နက်သန်းခေါင်ယံအချိန် ...

ရွှေမိုးယံနဲ့ပန်းသပြေတို့ရဲ့ အိပ်ခန်းတံခါးဟာ ကျွီ ...ခနဲ ပွင့်သွားတယ်။

မီးပိတ်ပြီး အိပ်ကြတာကြောင့် အခန်းထဲ မှောင်မည်းနေ ပေမယ့် ... အခန်းပြင်မှာတော့ မီးရောင်မှိန်မှိန်လေး လင်းနေ တယ်။

ထို အပြင်ကအလင်းရောင်နဲ့အတူ ဟသွားတဲ့တံခါးမှာ လူရိပ်တစ်ခု လှစ်ခနဲ ဝင်လာတယ်။

တစ်နေကုန် အိမ်အလုပ်လုပ်ရတဲ့အတွက် ပန်းသပြေ အိပ်မောကျနေသလို ...



www.burmeseclassic.com

www.burmeseclassic.com

ရွှေမိုးယံဟာလည်း ကုမ္ပဏီမှာ ပင်ပန်းတဲ့အတွက် နှစ် ခြိုက်စွာ အိပ်မောကျနေတယ်။

ထိုလူရိပ်က ရွှေမိုးယံတို့ရဲ့ ခုတင်ခြေရင်း တစ်ဖက်မှာ ရှိတဲ့ စာကြည့်စားပွဲဆီ ချဉ်းကပ်သွားတယ်။

ထိုလူရဲ့လက်မှာ ကိုင်လာတဲ့ အဝတ်စအုပ်ထားတဲ့ ဓာတ်မီးနဲ့ စားပွဲရဲ့အံဆွဲတွေကို ဖွင့်ပြီး မွှေနှောက်ရှာဖွေတော့ တယ်။

အံဆွဲတွေကို မွှေနှောက်ရှာဖွေပြီး သူလိုချင်တာ မတွေ့ တဲ့အတွက် ထိုလူက အောက်ဆုံးအံဆွဲကို ပိတ်ပြီး ကျွတ် ...ခနဲ စုတ်သပ်လိုက်တယ်။

အံဆွဲပိတ်သံကျယ်သွားတဲ့အတွက် ပန်းသပြေဟာ 'အင်း' ခနဲ ရေရွတ်သံနဲ့အတူ မျက်လုံးပွင့်သွားတယ်။

"အင် ... တံခါးကြီးဟနေပါလား၊

ဟင် ... စားပွဲနားမှာ လူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

ကုန်းပြီး ဘာလုပ်နေပါလိမ့်”

အတွေးနဲ့အတူ …

“ဘယ်သူလဲ၊ အဲဒီမှာ …

ဘယ်သူရှိနေတာလဲဟင်”

သူမရဲ့အသံကြောင့် ထိုလူရိပ်ဟာ ထိုင်ရာက ထပြီး ခပ်သုတ်သုတ် ပြေးထွက်သွားတယ်။

“အစ်ကို … အစ်ကို … အစ်ကို

ထပါဦး … ထပါဦး”

ပန်းသပြေရဲ့လှုပ်နှိုးမှုကြောင့် …

“ဘာ … ဘာလဲ ပန်းရာ၊

အိပ်ချင်တယ်”

“ထ … ထ … အစ်ကို၊

အခန်းထဲ လူဝင်လာတယ်”

ရွှေမိုးယံ မျက်လုံးပွင့်သွားပြီး ငေါက်ခနဲ ထထိုင်လိုက် တယ်။

www.burmeseclassic.com

"ဘာ … လူဝင်တယ် ဟုတ်လား၊
အာ … သူခိုးဝင်လည်း
အပြင်က ဟာတွေပဲ ခိုးမှာပေါ့၊
ကိုယ်တို့အိပ်ခန်းမှာ ဘာမှမရှိတဲ့ဟာကို"
"မသိဘူး အစ်ကို၊
ပန်းမြင်တာတော့ …
စာကြည့်စားပွဲရှေ့မှာ ကုန်းနေတာပဲ၊
အစ်ကို အပြင်ထွက်ကြည့်သင့်တယ်"

ပန်းသပြေရဲ့အပြောကြောင့် ရွှေမိုးယံက အိပ်ရာပေါ်က ဆင်းလိုက်ရင်း အခန်းပြင်ထွက်သွားတယ်။

ရွှေမိုးယံဟာ ညအိပ်ဝတ်စုံကြီးနဲ့ အိမ်အနှံ့ လိုက်ရှာကြည့်တယ်။

ဒါပေမဲ့ … ဘယ်လူစိမ်းမှ မတွေ့ရဘူး။

ရွှေဘုံစံရဲ့အခန်းရှေ့ရောက်တဲ့အခါ တံခါးပွင့်လာပြီး

www.burmeseclassic.com

www.burmeseclassic.com

“ဟင် … ရွှေမိုးယံ၊

ဒီအချိန်ကြီး …

ငါ့အခန်းရှေ့ ဘာလုပ်နေတာလဲ”

အစ်မဖြစ်သူရဲ့အမေးကြောင့် ရွှေမိုးယံဟာ အိပ်ချင်စိတ် နဲ့ သမ်းဝေလိုက်ရင်း …

“မသိပါဘူး အစ်မရာ၊

ပန်းလေ … အခန်းထဲ သူခိုးဝင်တယ်ဆိုလို့

ငါ ထွက်ရှာတာ၊

ဘာမှလည်း မတွေ့ဘူး”

လို့ ပြောလိုက်တယ်။

“ဩော် … ငါ့မောင်ရယ်၊

ပန်းက ဝအိပ်မက်မက်တာလည်း

ဖြစ်မှာပေါ့၊ နင် စဉ်းစားကြည့်လေ၊

ငါတို့ခြံစည်းရိုးက ညဆို

လျှပ်စစ်ခတ်လွှတ်ထားတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူခိုးက ခြံနားကပ်ရဲပါ့မလဲ၊
သူ ... ယောင်တာမဟုတ်ရင်၊
အိပ်မက်ပဲဖြစ်မယ်၊
သွား ... သွား ... ပြန်အိပ်ချေ”
ရွှေဘုံစံရဲ့အပြောကြောင့် ...
“ဟုတ်သားပဲ၊ လျှပ်စစ်လွှတ်ထားတဲ့
ခြံအုတ်တံတိုင်းကို ဘယ်သူခိုးမှ
ကပ်လို့မရဘူး၊ ပန်းကကွာ ...
အိပ်ရေးပျက်အောင်လုပ်တယ်၊ ဟူး”

မ မ မ



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၆)

www.burmeseclassic.com

www.burmeseclassic.com

ပန်းသပြေတစ်ယောက် … ညနေစာအတွက် ချက်ပြုတ်နေစဉ် သူမအနားသို့ ရွှေဘုံစံတစ်ယောက် ရောက်လာ ပြီး …

“နင် ဘယ်လိုလုပ်လိုက်တာလဲ တောသူမ၊
ဒါ … ငါ့ကို သက်သက်မဲ့
လုပ်ချလိုက်တာမဟုတ်လား … ဟင်”
လို့ ဒေါသတကြီး ပြောလာတယ်။
“ရှင် … အစ်မကြီး၊
ပန်း … ဘာလုပ်မိလို့လဲဟင်”

www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာကြည့်စမ်း ...

ငါ့အင်္ကျီမှာ စွန်းပေနေတယ်၊

ဒါဟာ ...

နင့်ရဲ့အပေါ်စားအင်္ကျီတွေပါ

လျှော်စက်ထဲ ရောထည့်ပြီးလျှော်လို့

စွန်းသွားရတာပဲ"

ရွှေဘုံစံက လက်မှာကိုင်လာတဲ့ အင်္ကျီကို ထောင်ပြရင်း ပြောလာတယ်။

အဖြူရောင်အင်္ကျီမှာ ပန်းရောင်အကွက်ကြီးကြောင့် ပန်း သပြေ မျက်လုံးပြူးသွားရှာတယ်။

သူမ ... ရွှေဘုံစံအတွက် အမှားတစ်ခု ကျူးလွန်မိပြီ မဟုတ်ပါလား။

"အို ... ဟုတ်ပါတယ် အစ်မကြီးရယ်၊

ပန်းရဲ့အင်္ကျီက အရောင်စွန်းသွားတာပါ၊

တောင်းပန်ပါတယ်ရှင်၊



www.burmeseclassic.com

www.burmeseclassic.com

နောက် မဖြစ်စေရပါဘူး”

သူမ အလျှင်အမြန် တောင်းပန်လိုက်ပေမယ့် …

“တောင်းပန်ရုံနဲ့ ငါ့အကျႌ

အကောင်းမဖြစ်ဘူး တောသူမ၊

ငါ့အကျႌတစ်ထည် ငါးသောင်းလောက်တန်တယ်၊

ဘတ်နဲ့ ဝယ်ထားတာဟဲ့၊

ဒီနေ့ကစပြီး နင့်အဝတ်တွေကို

လျှော်စက်ထဲမထည့်နဲ့၊

နင့်ဟာနင် လက်နဲ့လျှော်၊

ဒါဟာ … နင့်ကို အပြစ်ပေးတာ၊

မှတ်ထား”

ရွှေဘုံစံက အကျႌကို ပစ်ပေးရင်း လှည့်ထွက်သွားတယ်။

ပန်းသပြေဟာ အကျႌကိုပိုက်ပြီး သိမ်ငယ်စိတ်တွေ လှိုက်တက်သွားမိတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ့ဘဝက မမီတဲ့ပန်းကို

တုံးခုလှမ်းမိတဲ့အတွက် ...

အဲဒီရဲ့ဒဏ်ကို ခံရသလိုဖြစ်နေပြီ၊

ဟုတ်ပါတယ်လေ ...

အစ်မကြီးပြောတာ အမှန်ပဲ၊

ငါက တောသားသာမြို့ငယ်လေးက

မိန်းကလေးပဲ၊

အမှန်ကို သူပြောတဲ့အတွက်

ငါ စိတ်မဆိုးသင့်ဘူး"

သူမ ... ထိုသို့ဖြေတွေးရင်း အလုပ်ကို ဆက်လုပ်နေမိ တယ်။

ဟင်းချက်ရင်း သူမခေါင်းထဲ တရိပ်ရိပ်မူးလာတယ်။

ဒါ့ကြောင့် နားထင်ကို လက်နဲ့ထောက်ရင်း ဖိနှိပ်လိုက် မိတယ်။

www.burmeseclassic.com

www.burmeseclassic.com

"အလုပ်တွေ သိပ်ပင်ပန်းလို့ထင်တယ်၊
ငါ့ခေါင်းတွေ သိပ်မူးနေပြီ၊
မဖြစ်ဘူး ... ဟင်းအိုးချပြီး
ခဏသွားလှဲမှဖြစ်မယ်"

အတွေးနဲ့အတူ သူမဟာ ဟင်းအိုးကို ဂက်စ်မီးဖိုပေါ်က ချပြီး အိပ်ခန်းဘက် လျှောက်ခဲ့မိတယ်။

အခန်းထဲရောက်တော့ အမူးပြေဆေးသောက်ပြီး အိပ်ရာ ပေါ် ခဏလှဲလိုက်မိတယ်။

ဆေးရဲ့အရှိန်နဲ့ သူမက မေ့းခနဲ အိပ်ပျော်သွားတော့ တယ်။

အိပ်ခန်းထဲ လူတစ်ယောက်ဝင်လာသလို ခံစားလိုက် ရတဲ့အတွက် သူမမျက်လုံးတွေ လေးကန်စွာ ဖွင့်လိုက်တယ်။

ယောဂီဝတ်စုံနဲ့ အဘိုးအိုတစ်ယောက် ...။

www.burmeseclassic.com

www.burmeseclassic.com

သူမရဲ့ဘေးမှာ မားမားကြီးရပ်နေတယ်။

"ဟင် ... အဘိုး ... အဘိုးက"

သူမ တအံ့တသြရေရွတ်ရင်း အိပ်ရာက ထလိုက်တယ်။

သူမနဲ့ ဈေးမှာ တစ်ခါဆုံဖူးတဲ့ ယောဂီဝတ်အဘိုးအို။

အဲဒီတုန်းက ကားလမ်းဖြတ်ကူးရင်း ရွှေမိုးယံရဲ့ကားနဲ့ တိုက်မိသလိုဖြစ်ခဲ့တာကြောင့် အဘိုးအိုကို သူမ ကူညီခဲ့တာ။

အဘိုးအိုရဲ့ကျေးဇူးကြောင့် ရွှေမိုးယံနဲ့ စတင်ဆုံစည်းခွင့် ရခြင်းပင်။

"ဟုတ်ပါတယ် မြေးလေး၊

မြို့က ဈေးမှာ အဘိုးနဲ့ဆုံခဲ့ဖူးတယ်၊

အဘိုးကို ကူညီခဲ့တဲ့အတွက် ...

မြေးလေးကို အဘိုးက ပြန်ကူညီခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လား၊

အဘိုးရဲ့စကားကို … ဘာလို့

နားမထောင်တာလဲ … မြေးလေးရဲ့”

အဘိုးအိုရဲ့အပြောကြောင့် သူမ ဇဝေဇဝါဖြစ်သွားရ တယ်။

“ရှင် … အဘိုး ဘာကိုပြောတာလဲ၊

ကျွန်မ နားမလည်ဘူး အဘိုး”

အဘိုးအိုက သူမကို အေးချမ်းတဲ့မျက်နှာနဲ့ စိုက်ကြည့် ရင်း …

“အဲဒီတုန်းက မြေးလေးကို အဘိုး

အဆောင်ကြိုးလေး ပေးခဲ့တယ်

မဟုတ်လား၊ ခုချိန်မှာ …

မြေးအတွက် အဆောင်ကြိုးက

သိပ်အရေးကြီးနေပြီ၊

အမြန်ဆုံး ဝတ်ထားပါ မြေး၊

www.burmeseclassic.com

www.burmeseclassic.com

အမြန်ဆုံး ဝတ်ထားပါ”

အဘိုးအိုရဲ့စကားကြောင့် သူမ ပြန်တွေးကြည့်တယ်။

“အို … ဟုတ်ပါရဲ့၊

အဲဒီတုန်းက အဘိုး … ငါ့ကို

အဆောင်ကြိုးအနီရောင်လေး

ပေးခဲ့တာပဲ၊ ငါ မှတ်မိပြီ”

အတွေးနဲ့အတူ သူမ အဘိုးအိုကိုမော့ကြည့်လိုက်တယ်။

ဒါပေမဲ့ … အဘိုးအိုက သူမရှေ့မှာ မရှိတော့ဘူး။

“အဘိုး … အဘိုး၊

အဘိုး ဘယ်ရောက်သွားလဲဟင် …

အဘိုး”

www.burmeseclassic.com

www.burmeseclassic.com

သူမ နှုတ်က ရေရွတ်ရင်း ဆတ်ခနဲ တုန်သွားတယ်။

ကြည့်လိုက်တော့ သူမ အိပ်ရာပေါ်မှာ။

“ဟင် … ငါ … ငါ …

အိပ်မက်မက်နေတာလား၊

အိပ်မက်ဆိုရင်လည်း ထူးဆန်းလိုက်တာ၊

တစ်ကြိမ်ဆုံဖူးတဲ့ အဘိုးအိုကို

ဘာလို့ မြင်မက်ရတာလဲ၊

အဘိုးကရော အဆောင်ကြိုးနီလေးကို

ဘာကြောင့် ဝတ်ဖို့ပြောတာလဲ၊

အဆောင်ကြိုး … ဟုတ်သားပဲ၊

အဲဒီကြိုးလေး ဘယ်မှာပါလိမ့်”

သူမဟာ အဆောင်ကြိုးနီလေးကို သတိရသွားပြီး မြို့က သယ်လာတဲ့ အထုပ်တွေထဲ ရှာဖို့ အိပ်ရာအောက်ကို ဆင်းလိုက် တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီအချိန်မှာပဲ ...

“နင်က ပြောလေ ဆိုးလေပါလား

တောသူမ၊

နင် ငါ့ကို ပညာပြနေတာလား၊

အောက်ထပ်မှာ ငါ့မောင်တွေ

ပြန်ရောက်နေပြီ၊

ငါတို့က ညနေစာ အငတ်ခံပြီး

ဗိုက်မှောက်နေရမှာလား၊

ဒါ ... နင့်ပညာ အကုန်ပဲလားဟင်”

ရုတ်တရက် ကြားလိုက်ရတဲ့ အသံကြောင့် ပန်းသပြေ ခေါင်းနားပန်းကြီးသွားရတယ်။

မ မ မ

www.burmeseclassic.com

www.burmeseclassic.com

ထမင်းစားဝိုင်းရောက်တဲ့အခါ မျက်နှာတင်းမာနေတဲ့ ယောက်ျားဖြစ်သူ ရွှေမိုးယံကို ပန်းသပြေသတိပြုမိ သွားတယ်။

"ပန်းရယ် … ကိုယ်က အပြင်မှာ
မစားတတ်တာ သိရဲ့သားနဲ့ကွာ၊
ဘာလို့ ခုချိန်ထိ ညနေစာက
အဆင်သင့်မဖြစ်ရသေးတာလဲကွ"

"ဟုတ်တယ် ပန်းသပြေ၊
ငါလည်း အပြင်မှာ မစားတတ်ဘူးဟ၊
ဗိုက်ဆာလို့ အိမ်ပြန်လာတာ၊
ခုဆို ခြောက်နာရီတောင်ကျော်နေပြီ၊
နင် ဘာမှထမင်းပြင်မထားဘူးဟာ"

www.burmeseclassic.com

www.burmeseclassic.com

ရွှေမိုးယံနဲ့ ရွှေမင်းဂံတို့ရဲ့ ညည်းညူသံကြောင့် သူမ စိတ်လှုပ်ရှားသွားတယ်။

"မဟုတ်ဘူး ... အဲလို မဟုတ်ရပါဘူး၊

ပန်း ... ဟင်းတွေချက်ရင်း

ခေါင်းအရမ်းမူးသွားလို့ ဆေးသောက်ပြီး

အခန်းထဲ ခဏ နားနေတာပါ၊

ဒါပေမဲ့ ...

စိတ်မပူကြပါနဲ့၊

ပန်း အားလုံးချက်ပြုတ်ပြီးသားပါ၊

ဆယ့်ငါးမိနစ်လောက်ပဲ စောင့်ပေးပါနော်"

သူမ ထိုသို့ပြောဆိုပြီး မီးဖိုချောင်ထဲ အပြေးတစ်ပိုင်း ဝင်သွားမိတယ်။

လက်စမသတ်ရသေးတဲ့ ဟင်းအိုးကို မီးပြင်းပြင်းနဲ့ လက်စသတ်လိုက်သလို ...

www.burmeseclassic.com

www.burmeseclassic.com

ဟင်းပွဲတွေကိုလည်း အလျှင်အမြန် ပြင်ဆင်လိုက်တယ်။

အားလုံးပြင်ဆင်ပြီး ... စားသောက်ဖို့ စောင့်စားနေတဲ့ ရွှေဘုံစံတို့မောင်နှမတွေရှိတဲ့ ထမင်းဝိုင်းမှာ ပြင်ဆင်ပေးလိုက် တယ်။

ရွှေဘုံစံက သူမ ချက်ထားတဲ့ ဟင်းလျာတွေကို ဦးဆုံး မြည်းကြည့်တယ်။

ပြီးတော့ ... ရွှေမင်းဂံက မြည်းကြည့်တယ်။

"ဝွတ်ဒ် .... ကွာ၊

လက်ရာက ... နာမည်ကြီး

ထမင်းဆိုင်ကို ကျော်သွားပြီ၊

ဟာ ဟ ... ငါတော့ အသေစားပြီပဲ၊

ကောင်းတယ်မဟုတ်လား အစ်မ"

ရွှေမင်းဂံက ဟင်းတွေကို မြည်းရင်း ရွှေဘုံစံကို လှမ်း မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"အင်း … မဆိုးပါဘူး"

ရွှေဘုံစံက ထိုသို့သာဖြေပြီး ထမင်းကို ဖြည်းဖြည်း စားလိုက်တယ်။

အကြီးနှစ်ယောက်စားနေတဲ့အတွက် ရွှေမိုးယံကပါ အစ်မဖြစ်သူကို ဟင်းဦးချပြီး ပန်းသပြေကိုပါ ဝင်စားစေတယ်။

"ဟုတ်တယ်ဟ … ငါ့မိန်းမလက်ရာက
သိပ်ကောင်းပါလား၊
လက်ရာကောင်းကောင်း ချက်ကျွေးတဲ့အတွက်
ကျေးဇူးပဲ ပန်းရာ၊
ဟဲ … ဟဲ … ထုံးစံအတိုင်း
ဗိုက်ပေါက်အောင် စားပြီကွာ"

ရွှေမိုးယံက ထိုသို့ဆိုရင်း ထမင်းကို အားပါးတရ စား သောက်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ပန်းသပြေဟာ ထမင်းလုတ်ကို စားဖို့ ပြင်လိုက်စဥ်မှာပဲ ရွှေဘုံစံကို အကဲခတ်မိတယ်။

ရွှေဘုံစံက ထမင်းကို ဖြည်းဖြည်းချင်း တစ်လုပ်စီသွင်း ရင်း သူမကို စူးစိုက်ကြည့်နေတယ်။

ဒါကို သိသွားတဲ့အတွက် သူမဟာ ကြောက်လန့်ပြီး ထမင်းမျိုမကျနိုင်အောင် ဖြစ်သွားရတယ်။

မ မ မ



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၈)

www.burmeseclassic.com

www.burmeseclassic.com

ရွှေဘုံစံတစ်ယောက် အိပ်ခန်းထဲ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း မကျေမနပ်ဖြစ်နေမိတယ်။

"တောက် ... ဒီတောသူမကို

ငါ ဘယ်လိုနှင်ရပါ့မလဲ၊

ငါ ဘယ်လောက်ပညာပေးပေး

ဒင်းက ... သည်းခံနေတယ်၊

မဟုတ်သေးပါဘူး၊

ငါ တစ်ခုခုတော့ ရအောင်လုပ်ရမယ်၊

www.burmeseclassic.com

www.burmeseclassic.com

ငါတို့မိသားစုအားလုံးရဲ့ပိုင်ဆိုင်မှုက

သူ့ဆီမှာ၊

ဦးနှောက်မရှိတဲ့ အမေက

သူ့လိုလူကိုများ အားလုံးနီးပါး

လွှဲပြောင်းခဲ့တာ အံ့သြစရာပဲ၊

ဘာပဲဖြစ်ဖြစ် ... သူ့ဆီက

ပိုင်ဆိုင်မှုအားလုံး ငါ ပြန်ယူရမယ်၊

ပြီးရင် ... သူ့ကို ဒီအိမ်ကနေ

လုံးဝ ... ကန်ချပစ်ရမယ်၊

ငါ ဘာလုပ်ရမလဲ ...

တွေးစမ်း ... တွေးစမ်း"

သူမ ... ပန်းသပြေနဲ့ပတ်သက်ပြီး တွေးနေပေမယ့် ဘာ မှ ခေါင်းထဲပေါ်မလာဘူး။

ဒါ့ကြောင့် ... အကြီးအကျယ် စိတ်ပျက်သွားမိတယ်။



www.burmeseclassic.com

ဒီအချိန်မှာပဲ သူမရဲ့ခေါင်းထဲကို သူငယ်ချင်းဝတ်ရည်နဲ့ ပတ်သက်တဲ့ အကြားအမြင်ဆရာကြီး စိုင်းဇေရဲ့ပုံရိပ်ကို တွေး မြင်မိတယ်။

ဒါ့ကြောင့် ချက်ချင်းဆိုသလို … ဝတ်ရည်ရဲ့ဖုန်းနံပါတ် ကို နှိပ်လိုက်မိတယ်။

"ဟဲလို … ဝတ်ရည်လား၊

အေး … ငါ သိချင်တာက

နင်နဲ့ရန်နိုင် အခြေအနေပဲဟ့၊

အိုကေရဲ့လားဟင်"

သူမရဲ့ထိုအမေးကို ဝတ်ရည်က ဘာမှပြန်မပြောဘူး။

စက္ကန့်ပိုင်းအတွင်းမှာပဲ …

"ဟဲလို … ရွှေဘုံစံလား၊

ဝတ်ရည်အတွက် ဘာမှစိတ်မပူပါနဲ့

www.burmeseclassic.com

ရွှေဘုံစံ၊

ကျွန်တော်ကိုယ်တိုင် သူ့ဘေးမှာ

စက္ကန့်တိုင်း ရှိနေတယ်ဗျ၊

ကျေးဇူးပဲဗျာ … ကျွန်တော့်မိန်းမကို

စောင့်ရှောက်ပေးခဲ့တဲ့အတွက်၊

ဒါပဲနော် … ရွှေဘုံစံ၊

ကျွန်တော်နဲ့ဝတ်ရည် …

ကလပ်ကို ရောက်နေလို့ပါ၊

ဘိုင့် … ဝွတ်ဒ်နိုက်"

ရန်နိုင်ရဲ့အသံကို ကြားလိုက်ရတဲ့အတွက် သူမ အကြီး အကျယ် အံ့အားသင့်သွားမိတယ်။

"ဟင် … ဒါ … ဒါဆို

ရန်နိုင် ဝတ်ရည်ဆီ ပြန်ရောက်နေပြီပဲ၊

သူတို့ အဆင်ပြေနေကြပြီ"

www.burmeseclassic.com

သူမဟာ ရေရွှတ်သံနဲ့အတူ တစ်စုံတစ်ခုကို ဆုံးဖြတ် ချက် ချလိုက်မိတယ်။

ဒါ့ကြောင့် သူမ ... စောစီးစွာပဲ အိပ်ရာဝင်ခဲ့တယ်။

မိုးလင်းတဲ့အခါ သူမကိုယ်တိုင် ကားမောင်းပြီး ဖိုးစိန် လမ်းဘက် ထွက်ခဲ့တယ်။

ဖိုးစိန်လမ်းရှိ ခြံဝန်းကျယ်ကြီးတစ်ခုထဲ သူမ ... ကား မောင်းဝင်ပြီး ပါကင်မှာ ကားကို ရပ်လိုက်တယ်။

ပြီးတော့ ... နှစ်ထပ်တိုက်ပုလေးထဲ လျှောက်ဝင်ခဲ့ တယ်။

"ဘွတ်ကင် ယူမလို့လား အစ်မ၊

ဒါဆိုရင်တော့ ...

အစ်မ လာရကျိုးမနပ်ဘူးဗျ၊

ဘာဖြစ်လို့လဲဆိုတော့ ...

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ဆရာကြီးက စနေနေ့တိုင်း

ဟောခန်းပိတ်တယ်ဗျ၊

စိတ်မကောင်းပါဘူး အစ်မရယ်"

စာရေးကောင်လေးရဲ့အပြောကြောင့် ရွှေဘုံစံဟာ အကြီး အကျယ် စိတ်ပျက်သွားမိတယ်။

သူမ ... ဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ်မှာပဲ ...

"ကောင်လေး ...

မေးမယ့်သူ ရောက်နေတာလား၊

လွှတ်လိုက်ပါ ... ကောင်လေး"

ဆိုတဲ့ ဆရာကြီးစိုင်းဇေရဲ့အသံကို ကြားလိုက်ရတယ်။

စာရေးကောင်လေးက တအံ့တဩဟန်နဲ့ ...

"အစ်မကတော့ သိန်းထောင့်ငါးရာဆုကြီး

ပေါက်ပြီပဲ၊ ကျွန်တော့်ဆရာကြီးက ...

သူ့နားရက်မှာ ဘယ်တော့မှ

www.burmeseclassic.com

www.burmeseclassic.com

ဟောပြောလေ့မရှိဘူးဗျ၊

အစ်မ သိပ်ကံကောင်းတယ်ဗျာ၊

ဝင်သွားလိုက်ပါ အစ်မ၊

ညကျော်ပူဇော်ခကိုလည်း ...

ပြန်ထွက်လာမှ ပေးပါခင်ဗျ"

လို့ ပြောလာတယ်။

စာရေးကောင်လေးရဲ့အပြောကြောင့်

ရွှေဘုံစံကိုယ်တိုင် အံ့အားသင့်သွားတယ်။

မယုံမရဲစိတ်နဲ့ပဲ

ဆရာကြီးစိုင်းဇေရဲ့ဓာတ်နန်းဆောင်ထဲ

ခြေလှမ်းလိုက်မိတယ်။

ခရမ်းရောင်မီးမှိန်မှိန်လေးအောက် ထိုင်နေတဲ့

ဆရာကြီး စိုင်းဇေ ...

သူမကို မြင်မြင်ချင်းပဲ ...

"ကျုပ် ပြောခဲ့တယ်မဟုတ်လား ...

www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးဟာ ကျုပ်ဆီ အဖော်မပါဘဲ

သီးခြားရောက်လာရမယ်ဆိုတာ၊

ကဲ ... ပြောစမ်း ...

ဘာဖြစ်သလဲ မိန်းကလေး''

လို့ မေးလိုက်တဲ့ ဆရာကြီးစိုင်းဇေရဲ့အပြောကြောင့် သူမ အံ့အားသင့်မိတယ်။

ရွှေဘုံစံဟာ ဆရာကြီးစိုင်းဇေကို သူမ ပန်းသပြေကို ကြည့်မရတဲ့အကြောင်း၊ မိခင်က အမွေကိစ္စအားလုံး လွှဲပေးလိုက် ခဲ့တဲ့အကြောင်းတွေကို ရှင်းပြလိုက်တယ်။

ဆရာကြီးစိုင်းဇေက ခေါင်းဆတ်ဆတ်ညိတ် နားထောင် ရင်း ...

''ကောင်းပြီ မိန်းကလေး ...

မင်းဖြစ်စေချင်တာက ... အဲဒီမိန်းမလေးကို

မင်းအိမ်ကနေ မောင်းထုတ်ချင်နေတာပဲ''



www.burmeseclassic.com

www.burmeseclassic.com

လို့ ငှင်းရဲ့အသံဝါကြီးနဲ့ ပြောလာတယ်။

“ဟုတ်ပါတယ် ဆရာကြီး၊

သူက တောသူမို့လို့လားမသိပါဘူး

ဆရာကြီးရယ်၊

ကျွန်မ ဘယ်လောက်ပြောပြော

အိမ်က ဆင်းမယ့်ပုံမ ပေါ်ဘူးရှင့်၊

နှုတ်နဲ့မစွမ်းနိုင်တဲ့ကိစ္စမို့လို့

ဆရာကြီးရဲ့အစွမ်းတွေ

လိုအပ်ပါတယ်ရှင့်၊

ဒါကြောင့် … အကူအညီတောင်းရတာပါရှင်”

ဆရာကြီးစိုင်းဇေက ငှင်းရဲ့ ရှည်လျားတဲ့မုတ်ဆိတ်မွေး တွေကို လက်နဲ့ သပ်လိုက်တယ်။

“ဟဲ့ … ခုချိန်ကစပြီ

မင်းရဲ့ရည်မှန်းချက်တွေ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပြီလို့သာ မှတ်လိုက်ပါ၊
ရော့ … ဟောဒီ့ပုလင်းကိုယူသွား၊
ဘာလုပ်ရမလဲဆိုတော့ … … …
… … … … … … … … … … ”

မ မ မ

အပိုင်း (၉)

www.burmeseclassic.com

www.burmeseclassic.com

“ပန်းရေ မိန်းမ …

ကိုယ့်ကို ပန်းရောင်စပို့ရှပ်လေး

ရှာပေးစမ်းပါကွာ၊

ဒီဘောင်းဘီက အဲဒီအင်္ကျီနဲ့မှ

လိုက်မှာကွ”

ယောကျ်ားဖြစ်သူ ရွှေမိုးယံရဲ့အသံကြောင့် ပန်းသပြေ ဟာ ဧည့်ခန်းသန့်ရှင်းရေးလုပ်ရကာ အပေါ်ထပ်ကို တက်ခဲ့ တယ်။

“အဲဒီအင်္ကျီက ကိုယ်သိပ်ကြိုက်တာကွ၊

မှတ်မိလား … ပန်းတို့မြို့မှာ

ပန်းနဲ့ ပထမဆုံး ဆုံတုန်းက

ကိုယ်ဝတ်ထားတဲ့ ပန်းရောင်စပို့ရှပ်လေးလေ၊

ကိုယ် ရေချိုးတော့မယ် … ရှာပေးထားနော်”



www.burmeseclassic.com

www.burmeseclassic.com

ရွှေမိုးယံက ထိုသို့ပြောဆိုပြီး ရေချိုးခန်းထဲ အလျင်စလို ဝင်သွားတယ်။

ပန်းသပြေဟာ သူမတို့မြို့ရဲ့ဈေးလမ်းမကြီးမှာ ရွှေမိုးယံ နဲ့ စတွေ့ခဲ့ပုံကို ပြန်တွေးမိတယ်။

"ခက်တာပဲ ... အဲဒီတုန်းက ...

သူက ကားပေါ်က ...

ငါက သူ့မျက်နှာကိုပဲ

သတိထားမိလိုက်တာ၊

ဘယ်လိုရှာရပါ့မလဲ"

အတွေးနဲ့အတူ ထိုအဖြစ်အပျက်ကို သတိရမိသွားတယ်။

သူမရဲ့အာရုံထဲ ယောဂီဝတ်အဘိုးအိုရဲ့ပုံရိပ်ကို မြင်ယောင်မိသလို ... တစ်နေ့က အိပ်မက်လိုအရာကိုလည်း ပြန်မြင်ယောင်လိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com

"အို ... ဟုတ်သားပဲ၊

ယောဂီဝတ်တဲ့ အဘိုးပေးတဲ့

အဆောင်ကြိုးကို ငါရှာရဦးမယ်၊

ဘယ်နားသိမ်းမိပါလိမ့်၊

အိမ်ကနေ ဒီကိုပါလာတာတော့

သေချာတယ်၊ ဟုတ်တယ်၊

ငါ အဆောင်ကြိုးနီလေး ရှာရဦးမယ်"

သူမဟာ ထိုသို့တွေးမိပြီး ယောက်ျားဖြစ်သူ ရှာခိုင်းတဲ့ အင်္ကျီလေးကို အရင်ဆုံး ရှာဖွေလိုက်တယ်။

ဗီရိုထဲ အသေးစိတ်ရှာဖွေပေမယ့် ပန်းရောင်အင်္ကျီတစ် ထည်မှ မတွေ့ရဘူး။

ဒါ့ကြောင့် သူမဟာ ဘယ်လိုလုပ်ရမှန်းမသိအောင် ဖြစ် သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီအချိန်မှာပဲ သူမရဲ့အကြည့်က ဗီရိုပေါ်တင်ထားတဲ့ လက်ချ်ဂိတ် (ခရီးဆောင်) အိတ်ဆီ ရောက်သွားတယ်။

"ဒီအိတ်က … ရွှေမိုးယံ …

မြို့ကနေ ပြန်လာတုန်းက

သယ်လာတဲ့အိတ်ပဲ၊

BURMESE CLASSIC .com

ကြည့်ရတာ အဝတ်အစားတွေ

မထုတ်ဘဲများ ဗီရိုပေါ်တင်ထားခဲ့သလား၊

ငါ မတင်တာတော့ သေချာတယ်၊

မြို့မှာတုန်းကတောင် ရန်ကုန်ပြန်ဖို့

ငါကိုယ်တိုင် သူ့အိတ်ထဲ အဝတ်တွေ

ထည့်ပေးခဲ့တာ၊

ဘာပဲဖြစ်ဖြစ် ကြည့်ရမှာပဲ"



www.burmeseclassic.com

ပန်းသပြေတစ်ယောက် အလှပြင်မှန်တင်ခုံက ဆိုဖာခုံ လေးယူပြီး ဗီရိုပေါ်က အိတ်ကို ဆွဲချလိုက်တယ်။

လေးလံနေတဲ့ အိတ်ကြောင့် အဝတ်အစားတွေ မထုတ်ရ သေးတာ သေချာတယ်။

သူမဟာ ခရီးဆောင်အိတ်ရဲ့ဇစ်ကို ဆွဲချပြီး ဖွင့်လိုက် တယ်။

ဒီအခါမှာ ရွှေမိုးယံရဲ့အဝတ်တစ်ထပ်ကြီးကို တွေ့လိုက် ရတယ်။

ဒါ့ကြောင့် အဝတ်တွေအားလုံးကို ဗီရိုထဲထည့်ဖို့အတွက် ထုတ်လိုက်တယ်။

"ပန်းရောင်စပို့ရှပ်က …

အောက်ဆုံးရောက်နေတာကိုး၊

သူဝတ်ချင်တဲ့အင်္ကျီ ပြန်တွေ့ရင်

သူ ဝမ်းသာသွားမှာပဲ"

www.burmeseclassic.com

အတွေးနဲ့အတူ အဝတ်အားလုံး အိတ်ထဲက ထုတ်ပြီးချိန် မှာတော့ အိတ်ကို ပြန်ပိတ်ဖို့ အဖုံးကို ဆွဲယူလိုက်တယ်။

ဒီအခါမှာ ခရီးဆောင်အိတ်ရဲ့ ဆန်ခါကွက် ဘေးအိတ် ထဲကအရာကို သူမ သတိပြုမိသွားတယ်။

"ဟင် ... ဒါ ... ဒါ ...

ငါ့ကို အဘိုးပေးခဲ့တဲ့ အဆောင်ကြိုးလေးပဲ၊

ငါ အဆောင်ကြိုးလေးကို ပြန်တွေ့ပြီ"

သူမဟာ အဆောင်ကြိုးနီလေးကို ထုတ်ပြီး လက်မှာ ဝတ်လိုက်တယ်။

"ကုမ္ပဏီသွားဖို့ နောက်ကျနေပြီကွာ၊

အင်္ကျီရှာတွေ့ရဲ့လား ပန်းရဲ့၊

မတွေ့လည်း ကိုယ် တခြားဟာပဲ

ဝတ်လိုက်မယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com

ရွှေမိုးယံက ရေချိုးခန်းထဲက ထွက်ရင်း ပြောလိုက်တဲ့ အတွက် …

"တွေ့ပါပြီ အစ်ကိုရဲ့၊
ပန်းတို့ မြို့ကိုလာတုန်းက
အစ်ကိုယူလာတဲ့ ခရီးဆောင်အိတ်က
အဝတ်မထုတ်ဘဲ ဗီရိုပေါ်တင်ထားတာလေ၊
ခု … အဲဒီထဲက ပြန်တွေ့တာ"

"ဟာ … အဲဒါ ခြံစောင့်လက်ချက်ပဲကွ၊
ကိုယ်က အိတ်ကို အခန်းထဲပဲ
ထည့်ခိုင်းလိုက်တာ၊
ဒီကောင်က ဗီရိုပေါ်တင်သွားတာပဲ ပန်း"

"ထားပါတော့ အစ်ကိုရဲ့၊
ရော့ … အင်္ကျီလေး ဝတ်လိုက်၊
နောက်ကျနေပြီ"

ရွှေမိုးယံက အင်္ကျီကို ကပျာကသီ ဝတ်ရင်း …

www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်တယ် ပန်းရဲ့၊

ဒီနေ့ ကုမ္ပဏီမှာ မီတင်ရှိတယ်၊

ကိုယ် နောက်ကျလို့ မကောင်းဘူးကွ၊

နာရီ … နာရီ ပေးဦး”

ပန်းသပြေဟာ စားပွဲပေါ်တင်ထားတဲ့ နာရီနဲ့ ဟန်းဖုန်း ကို သွားယူပြီး ပေးလိုက်တယ်။

“အိုကေ …

ပန်းလေး ဝိုင်းကူလို့ ပြီးသွားပြီ၊

သွားပြီ ပန်း … ဘိုင့်”

ရွှေမိုးယံက နှုတ်ဆက်ရင်း အခန်းဝကို လျှောက်သွား တယ်။ အခန်းဝရောက်တော့မှ ခြေစုံရပ်သွားပြီး …

“အာ … မေ့တော့မလို့ကွာ”

လို့ ရေရွတ်ရင်း နောက်ပြန်လျှောက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com

ပန်းသပြေရဲ့လက်ကိုဆွဲယူပြီး ဖွဖွလေး နမ်းရှိုက်လိုက် တယ်။

ဒါက သူ အလုပ်သွားခါနီးတိုင်း လုပ်နေကျ အစဉ် အလာပင်။

“ဟင် … ပန်းလက်က ဘာကြိုးလေးလဲ၊

အရင် မရှိပါဘူး”

ရွှေမိုးယံရဲ့အမေးကြောင့် သူမက …

“ဘာမှမဟုတ်ပါဘူး အစ်ကို၊

ကံကောင်းစေမယ့် အဆောင်ကြိုးလေးပါ၊

ပန်းတို့နှစ်ယောက်လုံးအတွက်ပေါ့”

လို့ ဖြေလိုက်မိတယ်။

မ မ မ

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၁၀)



www.burmeseclassic.com

www.burmeseclassic.com

“ပန်းသပြေ”

www.burmeseclassic.com

ရွှေဘုံစံရဲ့အသံကြောင့် ဧည့်ခန်းရှိ ကော်ဇော်တွေကို စက်နဲ့ ဖုန်စုတ်နေတဲ့ ပန်းသပြေ ဆတ်ခနဲ တုန်သွားရတယ်။

"ရှင် ... အစ်မကြီး၊

ပန်းကို ဘာများ ခိုင်းစရာရှိလို့လဲရှင့်"

အသံနဲ့အတူ အပေါ်ထပ်လှေကားဆီက ဆင်းလာတဲ့ ရွှေဘုံစံရှိရာ အပြေးတစ်ပိုင်း သွားလိုက်တယ်။

ရွှေဘုံစံက လက်မှာကိုင်ထားတဲ့ ကော်ဖီခွက်ကို သူမဆီ လှမ်းပေးရင်း စေ့စေ့ကြည့်လိုက်တယ်။

"ရော့ ... ဒီကော်ဖီကို သောက်လိုက်၊

ငါ သောက်ဖို့ ဖျော်ပြီးမှ ရင်ပြည့်နေလို့

မသောက်ဖြစ်တာ၊

နင်သောက်လိုက် ပန်းသပြေ"

ရွှေဘုံစံရဲ့အပြောကြောင့် သူမ လက်ကာရမ်းရင်း ...

www.burmeseclassic.com

www.burmeseclassic.com

“မဖြစ်ဘူးထင်တယ် အစ်မကြီး၊
ပန်းက ကော်ဖီသောက်လေ့မရှိဘူး၊
အမှန်ပြောရရင် …
ပန်း ကော်ဖီမကြိုက်ဘူး”
သူမ ခေါင်းငုံ့ရင်း ငြင်းဆန်လိုက်မိတယ်။
“ဒါဆို … ငါက ဖျော်ပြီးသား
ကော်ဖီကို လွှင့်ပစ်လိုက်ရမှာလား
ပန်းသပြေ၊ ငွေတန်ဖိုးကို
နင် နားမလည်ဘူးလား၊
ဒီကော်ဖီမှုန့်က … တစ်ဗူးကို
သုံးသောင်းကျော်တယ်ဟဲ့၊
ဒါက ငါ သိပ်ကြိုက်တဲ့ ကော်ဖီ၊
ငါ ရင်ပြည့်နေလို့
နင့်ကို သောက်ခိုင်းတာ”

www.burmeseclassic.com

www.burmeseclassic.com

ရွှေဘုံစံရဲ့စေတနာကို နှမြောသလိုအပြောကြောင့် သူမ ဟာ ဘာပြောရမှန်းမသိအောင် ဖြစ်သွားမိတယ်။

မျက်လုံးစုံမှိတ် ခေါင်းညိတ်လိုက်ရင်း …

“ဟုတ်ကဲ့ပါ အစ်မကြီး၊

ဈေးကြီးတဲ့ ကော်ဖီတစ်ခွက်ကို

ပန်းကြောင့် အလဟဿ

မဖြစ်စေရပါဘူးရှင်၊

ပန်း သောက်ပါ့မယ်”

လို့ ဖြေလိုက်မိတယ်။

“ရော့ … ဒါဆို

ခုချက်ချင်း ကုန်အောင်သောက်လိုက်”

ရွှေဘုံစံထိုးပေးတဲ့ ကော်ဖီခွက်ကို လှမ်းယူတဲ့ သူမ … လက်တွေ ဆတ်ဆတ်တုန်နေမိတယ်။

ကော်ဖီမကြိုက်တဲ့ သူမ … မျက်လုံးစုံမှိတ်ပြီး တစ်ရှိန် ထိုး မော့ချလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟင် ... ဟင် ...

သိပ်ကောင်းတယ် ပန်းသပြေ၊

နင်သောက်လိုက်တဲ့ ကော်ဖီထဲမှာ

ဆရာကြီးရဲ့ ဆေးပြာမှုန့်တွေ

ပါနေတယ်၊

ဒီအချိန်ကစပြီး နင့်ရဲ့ကံကြမ္မာတွေ

ပြောင်းလဲသွားပြီ ပန်းသပြေ"

ရွှေဘုံစံက အတွေးနဲ့ မဲ့ပြုံးပြုံးလိုက်တယ်။

ပန်းသပြေဟာ ကုန်သွားတဲ့ ကော်ဖီခွက်ကိုင်ရင်း မီးဖို ချောင်ထဲ ဝင်ခဲ့တယ်။

ဘေစင်မှာ ကော်ဖီခွက်ကို ဆေးရင်း ...

"အာ ... ကျွတ် ... ကျွတ်

ခေါင်းထဲက မူးလိုက်တာ ... အား"

သူမ ... နားထင်ကို လက်နဲ့ဖိရင်း ဘယ်လိုမှမခံနိုင် အောင် မူးနောက်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းထဲ မူးဝေမူနဲ့အတူ မျက်လုံးတွေပါ ပြာဝေလာပြီး ကြမ်းပေါ် ပစ်လဲကျသွားတော့တယ်။

"ပန်းရေ ... ပန်း"

အလုပ်က ပြန်လာတဲ့ ရွှေမိုးယံဟာ မူးလဲနေတဲ့ သူမကို မြင်တွေ့သွားတယ်။

"ဟင် ... ပန်း ... ပန်း

လာကြပါဦး ... ပန်း လဲကျနေတယ်"

အသံကြောင့် ရွှေမင်းဂံ အပြေးရောက်လာတယ်။

"ဟာ ... ဘာဖြစ်တာလဲ၊

သွား ... သွား ... အိပ်ခန်းထဲ

ပွေ့သွားလိုက်"

ရွှေမိုးယံက ပန်းသပြေကို ပွေ့ချီပြီး အိပ်ခန်းထဲ ခေါ် သွားလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာပေါ်တင်ပြီး ချွေးစေးပြန်နေတဲ့ ပန်းသပြေရဲ့မျက်နှာလေးကို တဘက်နဲ့ သုတ်ပေးလိုက်တယ်။

"ပန်း ... ပန်းလေး

ဘယ်လိုဖြစ်တာလဲ ပန်းရယ်"

ပန်းသပြေဟာ နှုတ်ခမ်းလှုပ်လာပြီး ...

"မူးတယ် ... ခေါင်းထဲက သိပ်မူးနေတယ်

အစ်ကို"

ရွှေမင်းဂံက အခန်းထဲဝင်လာရင်း ...

"ဒေါက်တာ့ကို ဖုန်းဆက်ခေါ်ထားတယ်၊

ငါ ပန်းသပြေအတွက် ...

သံပုရာရည် ဖျော်လာတယ်"

လို့ပြောပြီး ရွှေမိုးယံကို ပေးလိုက်တယ်။

ရွှေမိုးယံဟာ ပန်းသပြေကို မ,ထူလိုက်ပြီး သံပုရာရည် တိုက်လိုက်တယ်။



www.burmeseclassic.com

"ဘယ်လိုဖြစ်တာလဲ ရွှေမိုးယံ"

အခန်းထဲဝင်လာတဲ့ ရွှေဘုံစံ။

ပန်းသပြေရဲ့မျက်နှာကို စိုက်ကြည့်ရင်း အေးတိအေး စက် မေးလိုက်တယ်။

"မူးလဲသွားတာ အစ်မ၊

ပန်းကိုကြည့်ရတာ သွေးအားနည်းနေသလိုပဲ၊

လက်တွေလည်း ဖြူဖပ်နေတယ်"

"ဆရာဝန်ခေါ်ထားတယ် မဟုတ်လား၊

သိပ်လည်း စိတ်မပူပါနဲ့"

ရွှေဘုံစံက ထိုသို့ပြောလိုက်စဉ်မှာပဲ ဆရာဝန် ရောက် လာတယ်။

ဆရာဝန်က ပန်းသပြေကို စမ်းသပ်ကြည့်ရှုပြီးနောက်

"ပရက်ရှာတွေ တအားကျနေတယ်ဗျ၊

ဒရစ်ဖ် ချိတ်ရမယ်၊

www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ … ကျွန်တော် ရေးပေးလိုက်တဲ့အတိုင်း အမြန်ဆုံး ဆေးဝယ်ပေးပါ''

မ မ မ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၁)



www.burmeseclassic.com

www.burmeseclassic.com

ရွှေဘုံစံတစ်ယောက် သူမရဲ့ အခန်းထဲ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း …

"တောက် …

ဆရာကြီးစိုင်းဇေပေးတဲ့ ပြာမှုန့်ကို

ကော်ဖီထဲထည့်ပြီး တိုက်တာတောင်

ညီအစ်ကိုနှစ်ယောက်လုံးက …

ဒင်းကို ပူနေကြတယ်၊

ငါ … ဘာလုပ်ရမလဲ၊

အို … ရှုပ်ပါတယ်၊

ဆရာကြီးဆီ ပြန်သွားမေးတာ

www.burmeseclassic.com

www.burmeseclassic.com

အကောင်းဆုံးပဲ၊ ဒါပေမဲ့ ...

ငါက ရက်ချိန်းလည်း ယူမထားဘူး၊

ဆရာကြီးနဲ့ တွေ့ခွင့်ရပါ့မလား”

လို့ တွေးလိုက်မိတယ်။

အတွေးနဲ့အတူ သူမ တစ်စုံတစ်ခုကို စဉ်းစားလိုက်မိ တယ်။

ဒါ့ကြောင့် လက်ကိုင်အိတ်ကို လှမ်းယူပြီး အခန်းထဲက ထွက်ခဲ့ရင်း ကားပါကင်ဆီ သွားလိုက်တယ်။

သူမဟာ ကားကို ဆရာကြီးစိုင်းဖေရှိတဲ့ ဖိုးစိန်လမ်း ဘက် ဦးတည်လိုက်တယ်။

ငှင်းရဲ့ခြံရောက်တော့ ကားတွေ ပြည့်ကျပ်နေသလို သူမ ကားရပ်ဖို့အတွက် ပါကင်တစ်နေရာစာကို မနည်းရှာရတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးရဲ့ နှပ်ထပ်တိုက်ထဲကို သူမ ခပ်သုတ်သုတ် ဝင်သွားမိတယ်။

"မောင်လေး … အစ်မ သိပ်အရေးကြီးလို့ ဆရာကြီးကို တစ်ချက် ဝင်ပြောပေးပါ၊ ရွှေဘုံစံ ရောက်နေတယ်လို့"

သူမ ထိုသို့ပြောရင်း စာရေးကောင်လေးရဲ့စာအုပ်ကြား ငါးထောင်တန်နှစ်ရွက် ထည့်ပေးလိုက်တယ်။

ကောင်လေးက ခေါင်းဆတ်ခနဲညိတ်ရင်း ပြုံးပြီး အခန်း ထဲ ဝင်သွားတယ်။

ဆရာကြီးစိုင်းဖေနဲ့ တွေ့ရဖို့ ထိုင်စောင့်နေသူတွေဟာ သူမကို မကျေမချမ်းဟန်နဲ့ စောင်းမြောင်းကြည့်ကြကုန်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီအချိန်မှာပဲ အခန်းထဲက စာရေးကောင်လေး ပြန်ထွက် လာသလို ယောကျ်ားတစ်ဦးပါ ထွက်လာတယ်။

"ဝင်သွားလိုက်ပါ အစ်မ၊
ဆရာကြီး စောင့်နေပါတယ်"

ကောင်လေးရဲ့အပြောကြောင့် သူမဟာ အခန်းထဲ ခပ် သုတ်သုတ်ဝင်ခဲ့မိတယ်။

"ရွှေဘုံစံ ...
မင်းက ကျုပ်ရဲ့စည်းကမ်းကို
ချိုးဖောက်လိုက်တာပေါ့"

ဆရာကြီးရဲ့စကားကြောင့် သူမ ကပျာကယာပင် ...

"အို ... မဟုတ်ရပါဘူး ဆရာကြီးရယ်၊
သိပ်ကို အရေးကြီးလို့ လုပ်မိတာပါရှင်၊
တောင်းပန်ပါတယ် ဆရာကြီးရှင့်"

www.burmeseclassic.com

www.burmeseclassic.com

လို့ ပြောရင်း လက်ကိုင်အိတ်ထဲက ချက်လက်မှတ်စာ အုပ်ကို ထုတ်လိုက်တယ်။

"ဘယ်လိုမှ သဘောမထားပါနဲ့

ဆရာကြီးရယ်၊

ရွှေဘုံစံကို အလျှဉ်းသင့်သလို

ဝင်ထွက်ခွင့်ပြုပါရှင့်၊ ဒါက ...

ဉာဏ်ပူဇော်ခ ပညာကြေးကို

ကြိုပြီး ပေးထားတာပါ၊

ဆရာကြီးအတွက် ...

ပညာကြေး သိန်းနှစ်ဆယ်

ပေးပါရစေရှင်၊

လက်ခံပေးပါ ဆရာကြီး"

သူမရဲ့အပြောကြောင့် ဆရာကြီးရဲ့မျက်ခုံးတွေ မြင့်တက်သွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

ငှင်းရဲ့ရှည်လျားတဲ့ မုတ်ဆိတ်မွေးကို လက်နဲ့သပ်ရင်း

''ကျုပ်ရဲ့ဟောခန်းကို ...တစ်နေ့

လူအယောက်နှစ်ဆယ်လောက် အနည်းဆုံး

လာလေ့ရှိတယ် ... ရွှေဘုံစံ၊

သိန်းနှစ်ဆယ်ဆိုတာ ...

လူနှစ်ဆယ်စာ ငွေပဲကွဲ့''

လို့ ပြောလာတယ်။

ဆရာကြီးစိုင်းဖေရဲ့စကားကြောင့် ရွှေဘုံစံက သဘော ပေါက်သွားတယ်။

''ကောင်းပါပြီ ဆရာကြီး၊

ကျွန်မဟာ ဆရာကြီးကို

သိပ်ယုံကြည်ပါတယ်၊

အလျှဉ်းသင့်သလို ဝင်ထွက်ခွင့်ရဖို့၊

ကျွန်မ ပညာကြေး ဘယ်လောက်

www.burmeseclassic.com

တင်ရမလဲရှင့်”

ဆရာကြီးရဲ့မျက်နှာ ပြုံးယောင်သမ်းသွားပြီး လက်ညှိုး တစ်ချောင်း ထောင်ပြတယ်။

ရွှေဘုံစံဟာ မျက်လုံးပြူးသွားမိပြီး …

“ဘုရားရေ …

ပန်းသပြေကို အိမ်က ဆင်းဖို့

ငါ ဒီလောက်တောင် ရင်းရတော့မယ်၊

အို … ဘာပဲဖြစ်ဖြစ် ပိုင်ဆိုင်မှုအားလုံး

ငါ့လက်ထဲ ရောက်မယ့်ကိစ္စ …

ငါ ရင်းသင့်တယ်”

“ကောင်းပါပြီ ဆရာကြီး၊

ပညာကြေးအတွက် ကျွန်မ

သိန်းတစ်ရာ တင်ပါ့မယ်၊

ဟောဒီမှာ နောက်ထပ် ချက်စာရွက်၊

သိန်းရှစ်ဆယ်ပါရှင့်”



www.burmeseclassic.com

www.burmeseclassic.com

သူမဟာ ချက်စာရွက်မှာ သိန်းရှယ်ဆယ်ရေးပြီး အလျင် အမြန် လက်မှတ်ထိုးလိုက်တယ်။

ချက်စာရွက်ကို ဆရာကြီးက လက်ခံယူလိုက်ရင်း ...

"ကောင်းပြီ ရွှေဘုံစံ၊
ငါ့ဘက်ကလည်း အလျဉ်းသင့်သလို
ဝင်ထွက်ခွင့်အပြင် ...
အခွင့်ရေးတစ်ခု ထပ်ပေးမယ်၊
အဲဒါက ... ကျုပ်ရဲ့ဖုန်းနံပါတ်ပဲ၊
အချိန်မရွေး ဆက်သွယ်မေးမြန်းနိုင်တယ်"
လို့ပြောပြီး ကတ်ပြားတစ်ခု ကမ်းပေးတယ်။
ဆရာကြီးက မျက်လုံးစုံမှိတ်လိုက်ရင်း ...
"ခု ... ရောက်လာတာ
ကျုပ်ပေးလိုက်တဲ့ ပြာမှုန့်ဟာ
ပန်းသပြေဆိုတဲ့ မိန်းကလေးအတွက်

www.burmeseclassic.com

www.burmeseclassic.com

ထိရောက်မှုမရှိဘူးလို့ … ဆိုချင်တာ

မဟုတ်လား”

ရွှေဘုံစံဟာ အံ့အားသင့်စိတ်နဲ့ …

“မှန်လိုက်တာ ဆရာကြီးရယ်၊

ဟုတ်ပါတယ်ရှင် … ဆရာကြီးပေးတဲ့

ပြာမှုန့်ကို ကော်ဖီနဲ့ရောပြီး

သူ့ကို တိုက်လိုက်တာ၊

ပြီးတော့ …

ခေါင်းမူးပြီး လဲကျသွားလို့

ဆရာဝန်တောင် ပင့်လိုက်ရသေးတယ်၊

ဒါနဲ့ပဲ … ကျွန်မရဲ့မောင်နှစ်ယောက်က

သူ့ကို ပိုပြီး သည်းသည်းလှုပ်

ဂရုစိုက်နေကြပြီ ဆရာကြီး”

လို့ ပြောလိုက်တဲ့အခါ ဆရာကြီးစိုင်းဇေက

လက်ကာ ပြပြီး မျက်လုံးစုံမှိတ် အာရုံပြုလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဆယ်မိနစ်ခန့်ကြာပြီးတော့မှ မျက်လုံးပွင့်လာရင်း ...

“အင်း ... သူ့မှာ ...

ပန်းသပြေဆိုတဲ့ မိန်းကလေးမှာ

အဆောင်ကောင်းတစ်ခု ရှိတယ်

မိန်းကလေး၊ အဲဒီအဆောင်ဟာ ...

သူမရဲ့ ညာဘက်လက်ကောက်ဝတ်မှာ

ရှိနေတယ်၊ ကြိုးအနီရောင်

အဆောင်တစ်ခုပဲကွဲ့၊

အဲဒီအဆောင်ကြိုးအနီရောင်ကို

မင်းရအောင် ဖြုတ်ရလိမ့်မယ်

ရွှေဘုံစံ၊

အဲဒါ ... သိပ်အရေးကြီးတယ်ကွဲ့၊

မင်း လုပ်နိုင်ပါ့မလား”



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးရဲ့စကားကြောင့် သူမ တွေ…ခနဲ စဉ်းစား လိုက်တယ်။

“ဟုတ်ရဲ့လား ဆရာကြီးရယ်၊

ကျွန်မ သတိထားမိသလောက်က

သူ့လက်မှာ ဘာမှမရှိပါဘူး၊

ကျွန်မရဲ့မောင်လေးက ရွှေဆင်ထားတာတောင်

ပန်းသပြေလို တောသူမက

ထုတ်ဝတ်တာ မဟုတ်ဘူးရှင့်”

သူမရဲ့အပြောကြောင့် ဆရာကြီးဟာ သက်ပြင်းချလိုက် တယ်။

“ကျုပ် … အာရုံထဲမှာတော့

ဒီအတိုင်း မြင်နေရတယ် ရွှေဘုံစံ၊

ဘာပဲဖြစ်ဖြစ် …

အဲဒီအဆောင်ကို သူ့ရဲ့ကိုယ်ကနေ

မင်း ရအောင်ခွာရမယ်၊

www.burmeseclassic.com

ပြီးရင် … ဟောဒါကို

အသုံးချပြီး မင်းဟာ သူမကို

မင်းရဲ့ဘဝထဲကနေ အပြီးအပိုင်

မောင်းထုတ်နိုင်လိမ့်မယ် ရွှေဘုံစံ”

“ကောင်းပါပြီ ဆရာကြီး၊

ကျွန်မ … ရအောင် ကြိုးစားကြည့်ပါ့မယ်၊

ဒါနဲ့ … အခု … ဆရာကြီးပေးတဲ့ဟာက

ဘာများလဲ ဆရာကြီး”

ဆရာကြီးစိုင်းဇေက လက်နှစ်လုံးသာသာရှိတဲ့ အနက် ရောင်ကတ္တီပါ ရှုံ့ကြိုးအိတ်လေးကို လှမ်းပေးလိုက်တယ်။

“ဟောဒီ့ ကတ္တီပါအနက်ရောင်

အိတ်လေးထဲမှာရှိတာက …

အစိမ်းသေတစ်ယောက်ရဲ့လက်သည်းခွံတွေပဲ

ရွှေဘုံစံ၊

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်က ပန်းသပြေကို အဆောင်ကြိုးဖြုတ်ပြီး

နောက်ဆုံးအဆင့်အနေနဲ့ …

အစိမ်းနဲ့ တိုက်လိုက်တာပဲ၊

ဒါကို … သူတို့လင်မယားအိပ်တဲ့

ခုတင်ခေါင်းရင်းမှာ ဘယ်သူမှ

မတွေ့မမြင်ခင်အချိန် …

သွားထားရလိမ့်မယ်ကွဲ့”

ဆရာကြီးစိုင်းဇေရဲ့အစိမ်းသေဆိုတဲ့အပြောကြောင့် သူမ ကြက်သီးထမတတ် တုန်လှုပ်သွားမိပေမယ့် …

“ဟုတ်ကဲ့ပါ ဆရာကြီး၊

ဆရာကြီးခိုင်းတဲ့အတိုင်း …

ကျွန်မ ဖြစ်အောင်လုပ်မယ်”

လို့ ကတိခံလိုက်မိတယ်။

ရွှေဘုံစံဟာ ဆရာကြီးစိုင်းဇေကို ဦးချကန်တော့လိုက် တယ်။

www.burmeseclassic.com

www.burmeseclassic.com

အခန်းထဲကနေ ထွက်ဖို့ ပြင်လိုက်စဉ်မှာတော့ …

“တစ်ခုတော့ရှိတယ် ရွှေဘုံစံ၊

မင်း ဖယ်ရှားချင်တဲ့ ပန်းသပြေ …

သူမဟာ … ငါ့ရဲ့အစီအရင်တွေကြောင့်

မင်းရဲ့အိမ်ကနေ အရှင်ထွက်၊

ထွက်နိုင်သလို၊ အသေထွက်လည်း

ထွက်သွားနိုင်တယ်”

မ မ မ



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၂)

www.burmeseclassic.com

www.burmeseclassic.com

ရွှေဘုံစံတစ်ယောက် အိမ်ပြန်ရောက်တဲ့အခါ မျက်နှာစိမ်းမိန်းကလေးနှစ်ယောက်ကို မြင်လိုက်ရတာကြောင့် အံ့အားသင့်သွားတယ်။

“ရွှေမိုးယံ၊ ရွှေမင်းဂံ”

သူမရဲ့ခေါ်သံကြောင့် ရွှေမိုးယံက အပေါ်ထပ်ကနေ ဆင်းလာတယ်။

“နင် … ဒီနေ့ … ကုမ္ပဏီ
မသွားဘူးလား ရွှေမိုးယံ”

“မသွားဘူးလေ အစ်မ၊
ပန်း နေမကောင်းတဲ့ဟာကို
ဘယ်လို အလုပ်သွားနိုင်မှာလဲ၊

www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ … ငါ ပွဲစားဆီကနေ ခိုင်းဖို့

မိန်းကလေးနှစ်ယောက် ခေါ်ခဲ့တယ်၊

သုံးလစာကြိုပေးပြီး ခေါ်လာတာ၊

ဆရာဝန်က ပြောထားတယ်လေ၊

ပန်းက သိပ်အားနည်းနေတာ၊

ဒါ့ကြောင့်ပါ အစ်မ”

ရွှေမိုးယံက ထိုသို့ပြောပြီး ထမင်းစားခန်းထဲ လျှောက် သွားတယ်။

ရွှေဘုံစံဟာ အပေါ်ထပ်လှေကားအတိုင်း တက်ခဲ့ရင်း…

“ဘာမဟုတ်တဲ့ တောသူမကို

သိပ်ဂရုစိုက်နေတယ်ပေါ့ ရွှေမိုးယံ၊

ဟင်း … ဟင်း … ဟင်း …

မကြာခင် … နင့်ရဲ့မယား တောသူမရဲ့

နေဝင်ချိန်ရောက်တော့မယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com

မသိရှာသေးဘူး၊ နင်ဟာ ...

သိပ်သနားဖို့ကောင်းပါလား

ရွှေမိုးယံ”

လို့ တီးတိုးရေရွတ်လိုက်တယ်။ အိပ်ခန်းထဲရောက်တဲ့ အခါ အိပ်ရာပေါ် ပစ်လှဲချလိုက်မိတယ်။

“ငါ အရင်ဆုံး လုပ်ရမှာက

ပန်းသပြေရဲ့လက်က အဆောင်ကြိုးကို

ဖြုတ်ဖို့ပဲ၊ ငါ ဘယ်လိုများ

ဖြုတ်ရပါ့မလဲ”

အတွေးနဲ့အတူ သူမဟာ အိပ်ရာပေါ်ကထပြီး အဝတ်လဲ လိုက်တယ်။

အဝတ်လဲပြီးတဲ့အခါ မှန်တင်ခုံပေါ်တင်ထားတဲ့ ဆေး ဝါးထည့်တဲ့ဗူးကို အကြည့်ရောက်သွားမိတယ်။



www.burmeseclassic.com

www.burmeseclassic.com

သူမခေါင်းထဲ အကြံတစ်ခုပေါ်လာပြီး ကျေနပ်စွာ ပြုံး လိုက်တယ်။

ပြီးတော့ အောက်ထပ်ဆင်းသွားပြီး ကြက်စွပ်ပြုတ်တစ် ပွဲကို အားချင်းချက်ပြုတ်လိုက်တယ်။

နာရီဝက်လောက်ကြာလို့ ကြက်သားနူးတဲ့အခါ ပန်းကန်ထဲထည့်ပြီး ကြက်သွန်မြိတ်တွေ ဖြူးလိုက်တယ်။

အောက်ခံပန်းကန်ပြားပေါ် ကြက်စွပ်ပြုတ်ပန်းကန်တင် ရင်း အပေါ်ထပ်ကို တရွေ့ရွေ့ တက်ခဲ့တယ်။

သူမရဲ့အခန်းထဲ အရင်ဝင်ပြီးတော့မှ ရွှေမိုးယံတို့ အခန်း ဘက် လျှောက်သွားလိုက်တယ်။

၄င်းတို့အခန်းထဲရောက်တော့ အိပ်ရာပေါ်လှဲနေတဲ့ ပန်း သပြေရဲ့ဘေးမှာထိုင်ပြီး စာအုပ်ဖတ်နေတဲ့ ရွှေမိုးယံကို တွေ့ လိုက်ရတယ်။

www.burmeseclassic.com

"ရွှေမိုးယံ"

သူမရဲ့ခေါ်သံကြောင့် ရွှေမိုးယံ လှည့်ကြည့်တယ်။

"ဟာ ... အစ်မ လာလေ၊

အခန်းဝမှာ ရပ်မနေပါနဲ့"

"အစ်မ ပန်းလေးအတွက်

ကြက်စွပ်ပြုတ်လုပ်ခဲ့တယ် မောင်လေး၊

သူ့ကို ဘာကျွေးထားသေးလဲဟင်"

သူမဟာ အိပ်ရာဆီ လျှောက်သွားရင်း မေးလိုက်တယ်။

"နေ့လယ်ကတော့ ဘဲသားဆန်ပြုတ်

တိုက်ထားတယ် အစ်မ၊

အတော်ပဲ အစ်မလုပ်ပေးတဲ့ စွပ်နဲ့

ညနေဆေးကို တိုက်လိုက်မယ်၊

ကျွန်တော် တိုက်လိုက်မယ် အစ်မ"

www.burmeseclassic.com

www.burmeseclassic.com

ရွှေဘုံစံက ပန်းကန်ကို စားပွဲပေါ် လှမ်းတင်ရင်း ...

"အစ်မကို တစ်ခုကူညီပေးပါလား

ရွှေမိုးယံ၊ အစ်မ ခြေထောက်နာပြီး

အပြင်မထွက်ချင်လို့

စိန်ပွဲစား အန်တီနွဲ့အိမ်ကိုသွားပြီး

ပစ္စည်းယူလာပေးပါလားဟင်၊

ဒီညနေ လာယူမယ်လို့ အစ်မ

ပြောထားမိလို့၊ ပန်းအတွက် စိတ်မပူပါနဲ့၊

ငါကိုယ်တိုင် တိုက်လိုက်မယ်၊

ဆေးတွေရောပေါ့"

လို့ ပြောလိုက်ပြီး ရွှေမိုးယံရဲ့မျက်နှာကို အကဲခတ်လိုက် တယ်။

"အိုကေ ... ရတယ်လေ အစ်မ၊

နင်သာ ပန်းရဲ့နားမှာ နေပေးပါ၊



www.burmeseclassic.com

www.burmeseclassic.com

ငါ သွားယူခဲ့ပေးမယ်၊

ဟုတ်ပြီလား"

ရွှေမိုးယံက ပြောပြောဆိုဆို အင်္ကျီကောက်လဲပြီး ထသွား တယ်။

ဒီအချိန်မှာပဲ ပန်းသပြေရဲ့မျက်လုံးတွေ ပွင့်လာတယ်။

ရွှေဘုံစံဟာ အိပ်ရာဘေး တင်မလွဲထိုင်လိုက်ရင်း ...

"ပန်းသပြေ ...

စွပ်ပြုတ်လေး သောက်လိုက်ရအောင်နော်၊

နင် သက်သာရဲ့လားဟင်"

ရွှေဘုံစံရဲ့ချိုသာတဲ့စကားသံကြောင့် ပန်းသပြေ အံ့အား သင့်သွားမိတယ်။

ဒါ့ကြောင့် ခုတင်ခေါင်းရင်းကို ခေါင်းမှီထထိုင်လိုက် ရင်း ...

www.burmeseclassic.com

www.burmeseclassic.com

“သက်သာပါတယ် အစ်မကြီးရယ်၊
ပန်းက အိမ်အလုပ်တွေ ပြန်လုပ်ဖို့
အစ်ကို့ကို ပြောပါတယ်၊
အစ်ကိုက လက်မခံသေးလို့
မလုပ်ရတာပါရှင်၊
ပန်းကြောင့် အစ်မကြီးကို
အနှောင့်အယှက်ပေးမိရင် ...
တောင်းပန်ပါတယ် အစ်မကြီးရယ်”

ရွှေဘုံစံက ချိုသာတဲ့ အပြုံးနဲ့ စွပ်ပြုတ်ပန်းကန်ကို မွှေလိုက်ရင်း ...

“နင့်မှာ တောင်းပန်တာကလွဲရင်
ဘာမှ မပြောတတ်တော့ဘူးလားဟင်၊
တကယ်ဆို ... ငါက တောင်းပန်ရမှာပါ၊
နင့်ကို အမြင်လွဲမိလို့လေ၊
ခုတော့ ... ငါ နားလည်သွားပါပြီ၊

www.burmeseclassic.com

www.burmeseclassic.com

နင်ဟာ …

ငါ့အမေအတွက် ချွေးမကောင်းဖြစ်သလို၊

ငါ့အတွက်လည်း …

ယောင်းမကောင်းတစ်ယောက်ပါ၊

နင် သက်သာသလိုနေပါ ပန်းသပြေ၊

အိမ်အလုပ်အတွက် လူလည်း ခေါ်ထားတာပဲ၊

စွပ်ပြုတ်လေး သောက်လိုက်ရအောင်နော်”

လို့ ပြောပြီး စွပ်ပြုတ်တစ်ဇွန်းကို သူမပါးစပ်ထဲ လှမ်း တိုက်တယ်။

ရိုးသားတဲ့ ပန်းသပြေတစ်ယောက် ရွှေဘုံစံရဲ့ပြောင်းလဲ မှုကြောင့် မျက်ရည်စို့မတတ် ကျေနပ်သွားရှာတယ်။

“ငါဟာ အမြဲ သူများအပေါ်

စိတ်ထားကောင်းခဲ့တယ်၊

အဲဒီ့အတွက် … ဘုရားက



www.burmeseclassic.com

ငါ့ကို ပြန်စောင့်ရှောက်ပြီ ထင်ပါရဲ့၊

အစ်မကြီး ငါ့ကို နားလည်သွားတာ

သိပ်ကြည်နူးဖို့ကောင်းလိုက်တာ”

ပန်းသပြေက ထိုသို့တွေးလိုက်မိတယ်။

“အစ်မကြီး ...

တစ်မျိုးတော့ မထင်ပါနဲ့နော်၊

စွပ်ပြုတ်က နည်းနည်းခါးသလားလို့ပါ”

သူမရဲ့အပြောကြောင့် ရွှေဘုံစံက ပြုံးကြည့်ရင်း ...

“ဩော် ... ပန်းလေးရယ် ...

နင်က အားနည်းပြီး နေမကောင်းနေတာ

မဟုတ်လား၊ ဆေးတွေချည်း တစ်ချိန်လုံး

သောက်ရတော့ ခံတွင်းပျက်နေတာ

ဖြစ်ပါလိမ့်မယ်၊ ဒါမှမဟုတ်ရင် ...

စွပ်ပြုတ်ထဲ ခပ်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com

ကြက်သွန်မြိတ်က အရင်းတွေ

ပါနေလို့ ခါးတာလည်း

ဖြစ်နိုင်ပါတယ်၊

နင် မသောက်ချင်တော့လို့လားဟင်”

လို့ မေးလိုက်မိတယ်။

“မဟုတ်ပါဘူး အစ်မကြီးရယ်၊

ပန်း စွပ်ပြုတ်ကို ကုန်အောင်

သောက်ပါ့မယ်၊

ဒီစွပ်ပြုတ်ထဲမှာ အစ်မကြီးရွှေဘုံစံရဲ့

မေတ္တာတရားတွေ ပါနေတာပဲရှင်”

ပန်းသပြေရဲ့စကားကြောင့် ရွှေဘုံစံဟာ အခိပ္ပာယ်ပါစွာ ပြုံးလိုက်တယ်။

“မေတ္တာတရားမဟုတ်ဘူး တောသူမရဲ့၊

ဟောဒီ့စွပ်ပြုတ်ထဲမှာ ... ငါ အိပ်ဆေး

ခတ်ထားတာ၊

www.burmeseclassic.com

www.burmeseclassic.com

နင့်ကို ကောင်းကောင်းပညာစပြပြီဆိုတာ
သိထားလိုက်စမ်းပါ၊
ဟင်း … ဟင်း … ဟင်း”

မ မ မ

---

အပိုင်း (၁၃)

---

www.burmeseclassic.com

www.burmeseclassic.com

"ငါ …အိပ်ချင်လိုက်တာ

အစ်မကြီးရယ်၊

ပန်း မျက်လုံးတွေ လေးလာတယ်ရှင်"

"ဆေးသောက်ထားလို့ ဖြစ်မှာပေါ့

ပန်းရဲ့၊

အိပ်ချင် အိပ်လိုက်လေ၊

ငါ စောင့်ပေးမယ်နော်"

ရွှေဘုံစံက ထိုသို့ပြောလိုက်ပြီး တစ်စုံတစ်ခုကို သတိ ရဟန်နဲ့ …

"ဩော် … ကြည့်စမ်း …

မေ့တော့မလို့၊

အမေ မဆုံးခင်တုန်းက …

ပန်းကို မြေကွက်တစ်ကွက်

လွှဲခိုင်းထားတာရှိတယ် ပန်းရဲ့၊

မအိပ်နဲ့ဦးနော်၊

www.burmeseclassic.com

စာချုပ်သွားယူလိုက်ဦးမယ် သိလား''

လို့ ပြောရင်း ခပ်သွက်သွက်ထွက်ခဲ့တယ်။

သူမရဲ့အခန်းထဲက စာချုပ်လိပ်တစ်လိပ်ကို လက်မှာ ကိုင်ဆရင်း ...

''ဘယ်လောက်စိတ်လှုပ်ရှားဖို့

ကောင်းလိုက်သလဲ၊

ငါလိုချင်တဲ့ အရာအားလုံး

ငါ့လက်ထဲ ရောက်တော့မယ်၊

နင်သိပ်တော်ပါလား ရွှေဘုံစံရယ်''

လို့ စိတ်တွင်းက ရေရွတ်လိုက်မိတယ်။

''ဒီမှာလေ ပန်းလေးရဲ့၊

ဟောဒီ့မှာ မြေကွက်လွှဲစာချုပ်၊

ပန်းလက်မှတ်ထိုးပြီး ယူရမယ်''

သူမရဲ့စကားကြောင့် ပန်းသပြေဟာ အိပ်ချင်မှိုးတဝါး ပုံနဲ့ ...

www.burmeseclassic.com

www.burmeseclassic.com

"အင်း … အင်း …

သိပ်အရေးကြီးနေလို့လား အစ်မကြီးရယ်၊

ပန်း အိပ်ချင်တာပဲ သိနေတယ်၊

အစ်မကြီးပဲ သိမ်းထားလိုက်ပါ"

"ရပါတယ် ပန်းလေးရဲ့၊

ငါသိမ်းထားတာ ဟုတ်တယ်၊

ဒါပေမဲ့ … ရုံးကိစ္စတွေ

ဆက်လုပ်ရဦးမယ်လေ၊

ပန်းလက်မှတ်ထိုးလိုက်နော် …

ရော့ … ဘောလ်ပင်"

ပန်းသပြေတစ်ယောက် အိပ်ချင်စိတ်နဲ့ပဲ ရွှေဘုံစံပြတဲ့ နေရာမှာ လက်မှတ်ထိုးလိုက်တော့တယ်။

ပြီးတော့ … ဘောလ်ပင် ပြုတ်ကျပြီး သူမ နှစ်ခြိုက်စွာ အိပ်မောကျသွားတော့တယ်။

ရွှေဘုံစံက ကောက်ကျစ်စွာပြုံးလိုက်ရင်း …

www.burmeseclassic.com

www.burmeseclassic.com

"ပထမအဆင့်တော့ အောင်မြင်သွားပြီ၊
သူ့ရဲ့ပိုင်ဆိုင်မှုအားလုံး ငါ့ကို
လွှဲတဲ့စာချုပ်ကို ငါရပြီ၊
ဒုတိယအဆင့်က ..."

သူမက သွက်လက်စွာပဲ ပန်းသပြေရဲ့လက်မှာ ဝတ် ထားတဲ့ အဆောင်ကြိုးနီလေးကို ကိုင်လိုက်တယ်။

ပြီးတော့ ... အသင့်ယူလာတဲ့ ကက်ကြေးလေးနဲ့ ထောက် ...ခနဲ ဖြတ်လိုက်တော့တယ်။

"ဟာ ... ဟ ...
ငှက်ပျော်သီးအခွံနွှာရသလောက်ကို
လွယ်ကူနေပါလား၊
ဒုတိယအဆင့်ပြီးတော့ ...
နောက်ဆုံးတစ်ဆင့်ပဲ ကျန်တော့တယ်"



www.burmeseclassic.com

www.burmeseclassic.com

ရွှေဘုံစံဟာ ဆရာကြီးစိုင်းဇေပေးတဲ့ အစိမ်းသေရဲ့လက် သည်းအိတ်ကို အိပ်ရာခေါင်းရင်းခုတင်နောက်မှာ အသာလေး ညှပ်ထားလိုက်တယ်။

အလုံးစုံပြီးတဲ့အခါ အောင်မြင်သူရဲ့အပြုံးနဲ့ ကျေနပ်စွာ ရယ်မောလိုက်တယ်။

အခန်းဝရောက်တော့ နှစ်ခြိုက်စွာ အိပ်မောကျနေတဲ့ ပန်းသပြေကို လှည့်ပြန်လှည့်ကြည့်လိုက်တယ်။

"ဒီအချိန်ကစပြီ ...

နင့်ရဲ့ကံကောင်းခြင်းတွေ ...

အဆုံးသတ်သွားပြီ၊

နင် ဒီအိမ်က အရှင်ထွက်မလား၊

အသေပဲထွက်မလားဆိုတာ ...

ငါ ... လက်ပိုက်ပြီး စောင့်ကြည့်နေမယ်"

www.burmeseclassic.com

www.burmeseclassic.com

ဓ ဓ ဓ

အပိုင်း (၁၄)

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ည သန်းခေါင်ယံအချိန် …

နှစ်ခြိုက်စွာ အိပ်မောကျနေတဲ့ ပန်းသပြေဟာ အသက် ရှူမဝတဲ့ ဝေဒနာကို ပြင်းထန်စွာ ခံစားလိုက်ရတယ်။

ဒါ့ကြောင့် …

“အ … အ … သက်ရှူကျပ်လိုက်တာ၊

အ … အစ်ကိုရေ … အစ်ကို”

တီးတိုးကြားလိုက်ရတဲ့အသံကြောင့် အိပ်ပျော်နေတဲ့ ရွှေမိုးယံဟာ လန့်နိုးသွားတယ်။

ညအိပ်မီးကို အမြန်ဖွင့်ပြီး ကြည့်လိုက်တဲ့အခါ သူ အကြီးအကျယ် စိတ်ပူသွားတော့တယ်။

လည်ပင်းကို လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ရင်း လူးလွန့် နေတဲ့ ပန်းသပြေ။

www.burmeseclassic.com

www.burmeseclassic.com

“ပန်း … ပန်း …

မင်း … ဒါ ဘာလုပ်တာလဲ၊

လွှတ်စမ်း … လက်ကိုလွှတ်လိုက်”

“အ … အစ်ကို … ကယ်ပါဦး၊

အသက်ရှူမဝဘူး … အာ့ … အာ့”

မိန်းမဖြစ်သူရဲ့လုပ်ရပ်ကြောင့် သူ အရမ်းစိတ်ပူပြီး လက်တွေကို မရမက ဆွဲဖြုတ်လိုက်တယ်။

“လွှတ်စမ်း … လွှတ်ပါ ပန်းရဲ့၊

ဘာလို့ ကိုယ့်လည်ပင်းကိုယ်

ညှစ်နေရတာလဲကွ၊

ဒါ … သေသွားနိုင်တယ်

မင်းသိရဲ့လားကွ၊

လွှမ်းစမ်းကွာ”

ရွှေမိုးယံဟာ ရှိသမျှအားကုန်သုံးပြီး ပန်းသပြေရဲ့လက် တွေကို ဆွဲဖယ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

အံ့သြစရာကောင်းတာက အားနည်းလို့ အိပ်ရာပေါ် အနားယူနေရတဲ့ သူ့ရဲ့လက်တွေက သိပ်ကို သန်မာလွန်းနေ တယ်။

နောက်ဆုံးမှာတော့ ရွှေမိုးယံရဲ့အားစိုက်မှုကြောင့် လက် အစုံကို သူမရဲ့လည်မျိုဆီကနေ ဖယ်ရှားနိုင်ခဲ့တယ်။

"အစ်ကို ... ပန်း ...

ပန်း ဘာဖြစ်တာလဲ၊

ဘာလို့ အသက်ရှူမဝတာလဲ၊

ကြောက်တယ် အစ်ကို၊

ပန်း ... အစ်ကိုနဲ့ မခွဲချင်ဘူး၊

ပန်း ... ပန်းကို ... တစ်ယောက်ယောက်က

လည်ပင်းလာညှစ်ထားသလိုကြီး

ခံစားနေရတာ အစ်ကိုရဲ့"

www.burmeseclassic.com

www.burmeseclassic.com

ရွှေမိုးယံက ပန်းသပြေကို ရင်ခွင်ထဲ ဆွဲဖက်လိုက်ရင်း

"အိုကေ … ပန်း၊

ပန်းလေး အခု ဘာမှမဖြစ်တော့ဘူးနော်၊

ပန်းရဲ့အနားမှာ ကိုယ်ရှိတယ်၊

ဟုတ်လား ပန်း"

လို့ ဖျောင်းဖျနှစ်သိမ့်လိုက်တော့တယ်။

ထိုအဖြစ်ကို ဟနေတဲ့ အခန်းတံခါးကနေ ချောင်းမြောင်းကြည့်ရှုနေတဲ့ ရွှေဘုံစံ။

သူမ … ကျေနပ်အားရစွာ ပြုံးလိုက်တယ်။

"ကောင်းလိုက်တဲ့ ဇာတ်ကွက်၊

ဇာတ်သိမ်းဖို့ပဲ ကျန်တော့တယ်၊

ဆရာကြီးရဲ့ အစီမံသရဲက

ကောင်းကောင်းအစွမ်းပြနေပြီ"

"အစ်မ … နင် ဒီအခန်းရှေ့မှာ

www.burmeseclassic.com

www.burmeseclassic.com

ဘာလုပ်နေတာလဲဟာ''

နောက်ကရောက်လာပြီး မေးလိုက်တဲ့ အလတ်ကောင် ရွှေမင်းဂံရဲ့အသံကြောင့် သူမ ဆတ်ခနဲ တုန်သွားရတယ်။

''ဘာမှမလုပ်ဘူး ရွှေမင်းဂံ၊

ခုနက ဒီအခန်းကနေ

အော်ဟစ်သံတွေ ကြားလိုက်လို့

ငါရောက်လာတာ ... လာ ... လာ

ငါတို့ ဝင်မေးလိုက်မယ်ဟာ''

ရွှေဘုံစံက သွက်လက်စွာ ထိုသို့ပြောရင်း အပြေးအလွှား ဟန်နဲ့ ဝင်သွားတယ်။

''ရွှေမိုးယံ ... နင်တို့ ဘာဖြစ်ကြတာလဲ၊

အသံတွေကြားလို့ ငါတို့ လာကြည့်တာ''

ရွှေမိုးယံက ပန်းသပြေကို လက်မောင်းပေါ် တင်အိပ်နေ ရကာ ...

www.burmeseclassic.com

www.burmeseclassic.com

“ဘာမှတော့မဟုတ်ဘူး အစ်မ၊
နင်တို့ လန့်နိုးပြီး
စိတ်ပူသွားတဲ့အတွက်
ငါ တောင်းပန်ပါတယ်၊
ပန်းက သွေးအားနည်းနေတာလေဟာ၊
ဒါ့ကြောင့် … သွေးလေချောက်ချားပြီး
သူ ယောင်အော်တာပါဟာ၊
ဘာမှမဖြစ်ဘူး၊ နင်တို့ ပြန်အိပ်လိုက်ပါ”
လို့ ပြောလိုက်တယ်။

မ မ မ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၅)

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ ... နေ့လယ်ခင်းအချိန်

ရွှေမိုးယံတစ်ယောက် ပန်းသပြေစားသောက်ဖို့ အတွက် မီးဖိုခန်းထဲ ကိုယ်တိုင်ပြင်ဆင်နေချိန်။

"အား" ခနဲ ငယ်သံပါအောင် အော်လိုက်တဲ့ အသံကြီး ကြောင့် ...

"ဟာ ... ဒါ ... ဒါ ... ပန်းရဲ့အသံပဲ၊

ဘာဖြစ်လဲ ... ပန်း ဘာဖြစ်လဲ"

နှုတ်က ရေရွတ်ရင်း စားစရာထည့်ထားတဲ့ လင်ပန်းကို လွှတ်ချလိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေမိုးယံဟာ အပေါ်ထပ်ကို အသည်းအသန် ပြေးလွှား တက်သွားလိုက်တယ်။

အိပ်ခန်းထဲရောက်လို့ မြင်လိုက်ရတဲ့အရာဟာ … ပန်းသပြေဟာ ရှိသမျှပစ္စည်းအားလုံးနဲ့ အခန်းအနှံ့ သွေးရူးသွေး တန်းဟန်နဲ့ ပစ်ပေါက်နေတယ်။

ဒီ့အတွက် သူအကြီးအကျယ်စိုးရိမ်သွားပြီး …

“ပန်း … ပန်း … ဘာလုပ်နေတာလဲ၊

ဘာဖြစ်နေတာလဲ ပန်း”

လို့ အော်ဟစ်ရင်း သူမကို ဆွဲဖက်ရင်း တားဆီးလိုက် တယ်။

ပန်းသပြေဟာ နံရံကို လက်ညှိုးထိုးရင်း အသိစိတ် ကင်းမဲ့သူနှယ် …

“ဟို … ဟိုမှာ … မမြင်ဘူးလား၊

မျက် … မျက်နှာမှာ … သွေးတွေ …

သွေးတွေနဲ့ မိန်းမ၊

www.burmeseclassic.com

www.burmeseclassic.com

ကြောက်တယ် … သူ … သူ …

သတ်ဖို့လာနေတာ၊

ကြောက်တယ် … မလာနဲ့ … မလာနဲ့"

"သတိထားစမ်းပါ ပန်းရယ်၊

အခန်းထဲမှာ ကိုယ်တို့နှစ်ယောက်ကလွဲပြီး …

ဘယ်သူမှ မရှိပါဘူးကွာ၊

ဘာဖြစ်နေတာလဲ ပန်းရာ"

ရွှေမိုးယံက ပန်းသပြေကို ရင်ခွင်ထဲ ဆွဲဖက်ရင်း တတွတ်တွတ် ပြောလိုက်တယ်။

အတန်ကြာမှ … သူမ ငြိမ်ကျသွားပြီး အိပ်ပျော်သွား ရှာတယ်။

ရွှေမိုးယံဟာ ပန်းသပြေရဲ့မျက်နှာကို ချစ်မြတ်နိုးစွာ ငေးစိုက်ကြည့်လိုက်မိတယ်။

"ပန်း … ပန်းရယ် …

မင်း … မူးလဲပြီးတည်းက

www.burmeseclassic.com

www.burmeseclassic.com

ဘာတွေဖြစ်နေတာလဲကွာ၊

ကိုယ်တော့ တကယ့်ကို …

ဘာမှ နားမလည်နိုင်တော့ဘူး၊

ဘာပဲဖြစ်ဖြစ်ပါ … ကိုယ် မင်းကို

သိပ်ချစ်တယ် ပန်းရယ်၊

မင်း … အရူးလိုဖြစ်နေတဲ့ကိစ္စတွေ၊

အမြန် အဆုံးသတ်ပါစေလို့

ကိုယ် ဆုတောင်းမိတယ်ကွာ”

ရွှေမိုးယံဟာ မိန်းမဖြစ်သူရဲ့နဖူးစပ်ရှိ ဆံစတွေကို သပ် တင်ပေးရင်း ငိုသံကြီးနဲ့ ရေရွတ်လိုက်ရှာတယ်။

မိခင်ဖြစ်သူဒေါ်ရွှေနှင်းဆီရဲ့စိတ်ဆန္ဒအရ ၄င်းတို့လက် ထပ်ခဲ့ပေမယ့် မိခင်ရဲ့အိမ်မရောက်ခင်တည်းက သူတို့က ဆုံ စည်းခဲ့ခြင်းပင်။

ဒါကို … ရွှေမိုးယံက ဘုရားပေးတဲ့ ဆုလာဘ်တစ်ခုလို ခံယူထားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

မိဘက ပေးစားလို့ ယူခဲ့ရပေမယ့် ကံကောင်းထောက်မစွာပဲ သူကိုယ်တိုင်ရော ပန်းသပြေကိုယ်၌ကပါ တစ်ဦးကိုတစ်ဦး သိပ်ချစ်ခဲ့ကြတယ်။

တကယ်လို့ ... ပန်းသပြေသာ တစ်စုံတစ်ခုဖြစ်ခဲ့ရင် ဆိုတဲ့အတွေးက သူ့ကို လုံးဝလက်မခံနိုင်ဘူး။

ပန်းသပြေ ဘာတွေဖြစ်နေလဲဆိုတာ တွေးမရနိုင်ပေမယ့် သူကိုယ်တိုင် အဖြေမထုတ်ပေးနိုင်တဲ့ဘဝ။

ဒါ့ကြောင့် ... မိန်းမဖြစ်သူကို ဖက်ရင်း မျက်ရည်ပေါက် ပေါက်ကျအောင် ငိုလိုက်မိတယ်။

"အစ်ကိုလေးရှင့် ... အောက်ထပ်မှာ မမကြီး ခေါ်နေပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com

ဘယ်အချိန်က ရောက်လာမှန်းမသိတဲ့ အိမ်အကူမိန်း ကလေးအသံကြောင့် ရွှေမိုးယံဟာ မျက်ရည်စကို အလျင်အမြန် သုတ်လိုက်မိတယ်။

"အေး … အေး … ငါ အခုလာခဲ့မယ်၊

နင်သွားတော့"

ကောင်မလေးကို ထိုသို့ပြောရင်း အိပ်မောကျနေတဲ့ ပန်း သပြေကို စောင်ခြုံပေးလိုက်တယ်။

ပြီးတော့ … လေးကန်တဲ့ ခြေလှမ်းနဲ့ အောက်ထပ်ဆီ ဆင်းခဲ့မိတယ်။

ဧည့်ခန်းရှိ ဆိုဖာဆက်တီမှာ ခြေချိတ်ထိုင်နေတဲ့ ရွှေ ဘုံစံ …

ရွှေဘုံစံက သူ့ကို စူးစိုက်ကြည့်ရင်း …

"နင် … ကုမ္ပဏီကို မသွားတာ

ရက်ပေါင်းမနည်းတော့ဘူး ရွှေမိုးယံ"

လို့ ခပ်မာမာအသံနဲ့ ပြောလိုက်တယ်။

www.burmeseclassic.com

ရွှေမိုးယံက ဆက်တီမှာ အသက်မဲ့သူလို ဝင်ထိုင်လိုက် ရင်း …

''ဟုတ်တယ် အစ်မ၊

ငါ မသွားတာ တစ်ပတ်လောက်

ရှိနေပြီဟာ''

လို့ ဖြေလိုက်တယ်။

''ဒီလိုလုပ်လို့ရမလား ရွှေမိုးယံ၊

အိမ်မှာ ဘာပဲဖြစ်နေပါစေ

ငါတို့ သူများထက်သာအောင်

ထမင်းစားနိုင်တာ …

ကုမ္ပဏီက အကျိုးအမြတ်ပဲ၊

အခု … ကုမ္ပဏီမှာ

ဘာတွေဖြစ်နေလဲ နင်သိရဲ့လား

ရွှေမိုးယံ၊

ငါက အမေ့ရဲ့ဆန္ဒအရ

www.burmeseclassic.com

www.burmeseclassic.com

ကုမ္ပဏီရဲ့ကိစ္စအားလုံးကို

နင့်ကို လွှဲပေးခဲ့တာ၊

ဒီအတိုင်းသာ ဆက်သွားရင်

ကုမ္ပဏီကို ဘယ်လိုရှေ့ဆက်မလဲ

ရွှေမိုးယံ၊

ငါတို့မောင်နှမတွေ စားနေတဲ့ထမင်းလုပ်ကို

ပျောက်အောင် နင် မလုပ်ပါနဲ့ဟာ”

ရွှေဘုံစံရဲ့စကားတွေကြောင့် ရွှေမိုးယံဟာ အကြီးအကျယ် ပေါက်ကွဲသွားတယ်။

“နင် ဘယ်လိုပြောလိုက်သလဲ အစ်မ၊

ယောကျ်ားတစ်ယောက်ရဲ့ဘဝဟာ …

သူ့ရဲ့အိမ်ရှင်မဖြစ်သလို၊

မိန်းမတစ်ယောက်ရဲ့ဘဝကလည်း …

သူ့ရဲ့အားပေးဖော် ယောကျ်ားပဲ အစ်မ၊

ငါ့မိန်းမ ကျန်းမာရေးမကောင်းတဲ့ချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com

သူ့ထက်ပိုပြီး ငါက ဘာကို

ဂရုစိုက်ရမလဲ အစ်မ၊

ရတယ် အစ်မ … ခုချိန်မှာ …

ငါ ဘာမှမတွေးချင်ဘူး၊

မလုပ်ချင်ဘူး၊

ဒီတော့ … အမေက ငါ့ကို

လွှဲပေးခဲ့ရင် … ငါက

နင့်ကို ပြန်ပြီး ဂျင်နရယ်ပါဝါ

ပြန်လွှဲပေးလိုက်မယ်၊

ဒီအချိန်ကစပြီး ကုမ္ပဏီဟာ

ငါနဲ့ ဘာမှမသက်ဆိုင်ဘူး၊

နင်ပဲ အားလုံးကို ကိုင်တွယ်လိုက်ပါ''

ရွှေဘုံစံရဲ့မျက်နှာဟာ ရေထိပန်းနှယ် လန်းသွားပြီး…

''အိုကေ … နင်ရွေးတဲ့လမ်းပဲ

www.burmeseclassic.com

www.burmeseclassic.com

ရွှေမိုးယံ၊

ရော့ … ဒီမှာ ဂျယ်နရယ်ပါဝါ၊

နင် လုပ်ချင်သလိုသာ လုပ်ပေတော့”

လို့ အသံမာမာနဲ့ ပြောလိုက်တယ်။

ရွှေမိုးယံဟာ အစ်မဖြစ်သူ ကမ်းပေးတဲ့ ဂျင်နရယ်ပါဝါ ကို လက်မှတ်ရေးထိုးလိုက်တယ်။

“ငါ့ဘဝဟာ ပန်းသပြေပဲ အစ်မ၊

နင်က အပျိုကြီးဆိုတော့ …

ဒါကို ဘယ်ခံစားနိုင်ပါ့မလဲ၊

ငါ … ဒီလမ်းကို …

ကျေနပ်စွာရွေးတယ် အစ်မ”

ရွှေမိုးယံက ထိုသို့ဆိုရင်း အပေါ်ထပ်ဆီ ပြန်တက်သွား တယ်။

ရွှေဘုံစံက လက်ခုပ်ကို တီးခတ်လိုက်ရင်း …

“ကျေနပ်တယ် ရွှေမိုးယံ၊



www.burmeseclassic.com

တကယ်ဆို ...

နင်တို့ညီအစ်ကိုနဲ့ ငါဟာ ...

ဖအေတူ မအေကွဲ မောင်နှမတွေပါ၊

ငါ့ရှေ့ရေးအတွက် နင်တို့အားလုံးကို

ငါ ... ပထုတ်နိုင်ခဲ့ပြီ၊

သိပ်တော်တဲ့ ရွှေဘုံစံပဲ၊

ဟား ... ဟား ... ဟား”

မ မ မ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၆)

www.burmeseclassic.com

www.burmeseclassic.com

ည …အချိန်တစ်ခု …

ရွှေမိုးယံနဲ့ပန်းသပြေတို့ နှစ်ခြိုက်စွာ အိပ်မောကျနေချိန် … ပန်းသပြေဟာ အိပ်ပျော်နေရာက သူမခြုံထားတဲ့စောင် ကို တစ်ယောက်ယောက်က

www.burmeseclassic.com

ဖြည်းဖြည်းချင်း ဆွဲချလိုက်သလို ကြီး ခံစားလိုက်ရတယ်။

သူမဟာ ကိုယ်က လွှတ်သွားတဲ့ စောင်ကို ပြန်ဆွဲယူ လိုက်ပေမယ့် ပြန်ပြီးဆောင့်ဆွဲချသလိုကြီး ခံစားနေရတယ်။

ဒါ့ကြောင့် သူမရဲ့မျက်လုံးတွေ ပွင့်သွားပြီး ကြည့်လိုက် မိတယ်။ သွေးတွေစွန်းပေနေတဲ့ အဖြူရောင်အဝတ်နဲ့ မိန်းမတစ် ယောက်။

ဖိုးရိုးဖားရားကျနေတဲ့ ဆံပင်တွေကြားက သွေးအလိမ်း လိမ်းပေနေတဲ့ မျက်နှာကြီး။

ပန်းသပြေဟာ အသံမထွက်နိုင်အောင် ကြောက်ရွံ့သွား ရတယ်။

"လာ ... စမ်း၊

ငါ့ ... ဆီ ... လာခဲ့စမ်း ... စမ်း"

www.burmeseclassic.com

www.burmeseclassic.com

ပွဲတင်ထပ်သံလို ကြောက်မက်ချောက်ချားဖွယ် အသံ ကြီး။

"ဟင့်အင်း ... ဟင့်အင်း၊

မဟုတ်ဘူး ... မ ... မလာဘူး ...

မလာဘူး"

ပန်းသပြေဟာ ခေါင်းကို သွက်သွက်ခါအောင် ရမ်း လိုက်ရင်း ရေရွတ်လိုက်တယ်။

တစ္ဆေမဟာ အခန်းဝကနေ အိပ်ရာနားကို တရွေ့ရွေ့ ရွေ့လျားလာနေပြီ။

ဒါကြောင့် သူမ တအားကြောက်သွားပြီး အိပ်ရာပေါ်က ခုန်ဆင်းလိုက်တယ်။

ဒီအချိန်မှာပဲ တစ္ဆေမရဲ့မျက်နှာကြီးက သူ့ရှေ့ ဘွား ... ခနဲ ပေါ်လာတယ်။

"အား"

"ဟာ ... ပန်း ... ပန်း၊

www.burmeseclassic.com

www.burmeseclassic.com

ဘာဖြစ်တာလဲ … ဟင်၊

ပန်း … ဘယ်သွားမလို့လဲ …

မပြေးနဲ့လေကွာ”

လန့်နိုးသွားတဲ့ ရွှေမိုးယံတစ်ယောက် အခန်းထဲက ပြေး ထွက်သွားတဲ့ ပန်းသပြေနောက်ကို ထလိုက်ခဲ့တယ်။

ဒီအချိန်မှာပဲ ပန်းသပြေက တစ္ဆေမ နောက်ကလိုက်လာ တဲ့အတွက် သွေးရူးသွေးတန်း ပြေးလွှားနေမိတယ်။

သူမက ပြေးလွှားရင်း အပေါ်ထပ် လသာဆောင်ဘက် ရောက်သွားတယ်။

တစ္ဆေမကလည်း မလှုပ်မယှက် ရွေ့လျားတဲ့ပုံစံကြီးနဲ့ နောက်ကနေ လိုက်ပါလာတယ်။

ရွှေမိုးယံရော တစ်အိမ်သားလုံး သူမအတွက် စိုးရိမ်စိတ် နဲ့ နောက်က ပြေးလိုက်ခဲ့ကြတယ်။

www.burmeseclassic.com

ရွှေမိုးယံတို့ လသာဆောင်ရောက်တဲ့အခါ ထိတ်လန့် ဖွယ် မြင်ကွင်းကြီးကို မြင်လိုက်ကြရတယ်။

ပန်းသပြေဟာ လသာဆောင်ဘက် မျက်နှာမူရင်း ဝရန် တာရဲ့လက်ရန်းပေါ်မှာ ရပ်နေတယ်။

“ပန်း ... မင်း ဘာလုပ်နေတာလဲ၊

ပြုတ်ကျလိမ့်မယ် ... ဆင်းခဲ့စမ်း”

ရွှေမိုးယံရဲ့မချိစိုးရိမ်မှုနဲ့ အော်ဟစ်သံကို သူမ လုံးဝ မကြားနိုင်ဘဲ သူမရှေ့ မားမားကြီးရပ်ပြီး စိုက်ကြည့်နေတဲ့ တစ္ဆေမရဲ့ ရယ်သံကြီးကိုသာ ကြားနေရတယ်။

“ဟီး ... ဟီး ... ဟီး ...

နင် ... ငါ ... ပြောတာ ...

နားထောင်စမ်း၊

ခုန် ... ချ ... လိုက် ...

လိုက် ... လိုက်”

www.burmeseclassic.com

www.burmeseclassic.com

ပန်းသပြေရဲ့တစ်ကိုယ်လုံး သွေးမရှိလောက်အောင် ဖြူ ဆုတ်နေသလို မျက်လုံးအစုံက လှုပ်ရှားမှုမရှိဘဲ ပြူးကျယ်နေ တယ်။

တစ္ဆေမကို ငေးစိုက်ကြည့်ရင်း သူမရဲ့ခြေထောက်တွေ လှုပ်ရှားသွားတယ်။

တစ္ဆေမဟာ လက်ကို ဆန့်တန်းရင်း သူမရှိရာ ရွေ့လျား လာချေပြီ။

"မလာနဲ့ ... မလာနဲ့"

သူမရဲ့ ကြောက်ရွံ့တကြီး အော်သံနဲ့အတူ သူမ တစ် ကိုယ်လုံး နောက်ကို လန်ကျသွားရှာတယ်။

"အား" ခနဲ ငယ်သံပါအောင် အော်သံကြီးက အမှောင် ထုကို ဖုံးလွှမ်းသွားတယ်။

"ဟာ ... လုပ်ကြပါဦးဗျ၊

ပန်း ... ပန်း ... ဝရန်တာပေါ်ကနေ

ခြေချော်ပြီး ကျသွားပြီ၊

www.burmeseclassic.com

www.burmeseclassic.com

ကယ်ကြပါဦး’’

ရွှေမိုးယံရဲ့သွေးရူးသွေးတန်း အော်ဟစ်သံနဲ့အတူ အောက်ထပ်ကို ပြေးလွှားဆင်းသွားကြတယ်။

တိုက်ကြီးရဲ့အရှေ့ သမံတလင်းခင်းထားတဲ့ ကြမ်းပေါ် မှာတော့ ပန်းသပြေတစ်ယောက် ခွေခွေလေး လဲကျနေရှာတယ်။

သူမရဲ့ဦးခေါင်းက ဒလဟောထွက်နေတဲ့ သွေးစီး ကြောင်းကြီးက ပိုက်က ရေလွှတ်သည့်နှယ် ...။

သူမဟာ မျက်လုံးပွင့်လာပြီး လဲနေရာကနေ လွှတ်လပ် ပေါ့စွာ ထရပ်လိုက်တယ်။

ပြီးတော့ ... အိမ်ထဲကို တစ်လှမ်းချင်း လျှောက်ဝင်ဖို့ ပြင်လိုက်တယ်။

ဒီအချိန်မှာပဲ အိမ်ကြီးရဲ့တံခါး ဝုန်း ... ခနဲ ဆောင့်ပွင့် သွားပြီး ရွှေမင်းဂံတို့ညီအစ်ကိုနဲ့သူမ မျက်နှာချင်းဆိုင် တွေ့ လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ … သူမကို ကျော်လွန်ပြီး ပြေးထွက်သွားကြ တယ်။

သူမ ညီအစ်ကိုနှစ်ယောက်ကို တစ်ချက်မျှ စောင်းငဲ့ ကြည့်ရင်း အိမ်ထဲ တစ်လှမ်းချင်း လှမ်းဝင်ခဲ့မိတယ်။

ဒီအချိန်မှာပဲ သူမနားထဲ အသံတစ်သံ ကြားလိုက်ရ တယ်။

သူမဟာ အသံလာရာ မီးဖိုခန်းဘက်ကို တရွေ့ရွေ့ လျှောက်သွားမိတယ်။

မီးဖိုခန်းထဲမှာတော့ ဘေစင်ဘက်မျက်နှာမူပြီး ဖုန်းပြော နေတဲ့ ရွှေဘုံစံကို တွေ့လိုက်ရတယ်။

"ဟယ်လို ဆရာကြီး …

ရွှေဘုံစံ ဖြစ်ချင်သလို

အားလုံးပြီးသွားပြီ ဆရာကြီး၊

ပန်းသပြေကို ဆရာကြီးရဲ့

www.burmeseclassic.com

www.burmeseclassic.com

အောက်လမ်းနည်းနဲ့
ဒီအိမ်ကြီးကနေ အသေထွက်
မောင်းထုတ်နိုင်ခဲ့ပြီ၊
ဟင်း ... ဟင်း ... ဟင်း
ကျွန်မ သိပ်ပျော်တယ် ဆရာကြီး၊
ကျွန်မရဲ့မိထွေး မသေခင်က
ပန်းသပြေကို လွှဲခဲ့တဲ့ ပိုင်ဆိုင်မှုအားလုံး
ကျွန်မလက်ထဲ ပြန်ရလိုက်ပြီ၊
ဆရာကြီးရဲ့ကျေးဇူးကို ဘယ်လို
ဆပ်ရမှန်းတောင် မသိပါဘူးရှင်၊
ဆရာကြီးရဲ့အစီမံသရဲအစွမ်းက
တကယ်ထိရောက်ပါတယ်၊ ဒါကို
လှမ်းပြီး အကြောင်းကြားပေးတာပါရှင်၊
ဒါပဲနော် ဆရာကြီး”



www.burmeseclassic.com

www.burmeseclassic.com

ရွှေဘုံစံရဲ့စကားတွေကို နားနဲ့ ဆတ်ဆတ်ကြားလိုက် ရတဲ့ သူမ … မျက်လုံးအိမ်ကနေ မျက်ရည်တွေ ပေါက်ပေါက်ကျ လာတယ်။

ရွှေဘုံစံဟာ နောက်ကို ဆတ်ခနဲလှည့်ပြီး ပတ်ဝန်းကျင် ကို အကဲခတ်လိုက်တယ်။

ပြီးတော့ … ခပ်သုတ်သုတ်အမူအရာနဲ့ မီးဖိုခန်းကနေ ထွက်ဖို့ပြင်လိုက်တယ်။

သူမရှိရာ ဦးတည်လာနေတဲ့အတွက် အခန်းဝကနေ ရှောင်ပေးဖို့ ကြိုးစားလိုက်ပေမယ့် ရွှေဘုံစံဟာ သူမကိုယ်ထဲ ဖောက်ဝင်ပြီး ဧည့်ခန်းဘက် ထွက်သွားတော့တယ်။

ပန်းသပြေဟာ ကြေကွဲဝမ်းနည်းမှုမျက်ဝန်းနဲ့ ရွှေဘုံစံရဲ့ ကျောပြင်ကို ငေးကြည့်ရင်း အပေါ်ထပ်ကို တရွေ့ရွေ့ တက် သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေမိုးယံနဲ့ ပန်းသပြေတို့ရဲ့အိပ်ခန်း။

သူမ အိပ်ခန်းထဲ တရွေ့ရွေ့လျှောက်သွားမိတယ်။

အိပ်ရာခေါင်းရင်း နံရံဆီရောက်တဲ့အခါ ခြေစုံရပ်သွား တယ်။

ပြီးတော့ ... သူမရဲ့ဦးခေါင်းက တစိမ့်စိမ့်ထွက်နေတဲ့ သွေးနဲ့ ရေးခြစ်လိုက်တော့တယ်။

ပြီးတဲ့အခါ ... သူမဟာ အိပ်ခန်းထဲကနေ တရွေ့ရွေ့ လျှောက်ရင်း ထွက်ခွာသွားတော့တယ်။

ထိုအချိန် ... ခြံထဲမှာတော့ ...

“ဖြစ်ရလေ ပန်းရယ်၊ မင်း ...

ဘာကြောင့် ခုလို လုပ်ရသလဲဆိုတာ ...

ကိုယ် လုံးဝနားမလည်နိုင်တော့ဘူး၊

မင်း ... မင်း ... ဘာလို့ ခုလို

ထားရစ်ခဲ့ရသလဲကွာ၊

ကိုယ် ဘယ်လိုဖြေရမလဲ ပန်းရယ်၊

www.burmeseclassic.com

အိး … ဟီး … ဟီး''

ရွှေမိုးယံဟာ အသက်ကင်းမဲ့နေတဲ့ ပန်းသပြေရဲ့ကိုယ် ကို ပွေ့ဖက်ရင်း ရူးမတတ် ငိုကြွေးနေရှာတယ်။

ဒီအချိန်မှာပဲ ဆေးရုံကားတစ်စီးဟာ ဥသြသံပေးရင်း ၄င်းတို့ခြံကြီးထဲ မောင်းဝင်လာတယ်။

''ကိုယ့်ကိုပြောပါဦး ပန်းရဲ့၊

မင်း ဘာကြောင့် ဒီလိုလုပ်ရတာလဲ၊

မထားခဲ့ပါနဲ့ ပန်းရယ် … ပန်း''

ရွှေမိုးယံရဲ့ကြေကွဲစွာ ရေရွတ်ရင်း ငိုရှိုက်သံကြီးက ကြားရသူအပေါင်း ဝမ်းနည်းဖွယ်ကောင်းလောက်အောင် လှိုက် တက်နေရှာတယ်။

အကယ်၍ ရွှေမိုးယံတစ်ယောက် ၄င်းသိချင်တဲ့အဖြေ သာ သိခွင့်ရသွားရင် …

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပန်းသပြေနဲ့ပတ်သက်တဲ့ အမှန်တရားတစ်ခုကိုသာ မြင်တွေ့သွားခဲ့ရင် ...

ထိုအဖြေအားလုံးက အိမ်ကြီးရဲ့အပေါ်ထပ် ၄င်းတို့လင် မယားရဲ့အိပ်ခန်းထဲမှာပဲ ရှိနေခဲ့တယ်။

အဖြူရောင်နံရံပေါ်က သွေးနဲ့ရေးထားတဲ့ စာတန်းကြီး။

... ရွှေဘုံစံ ...


အောက်လမ်း ...

မ မ မ

မအိုစာ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com